# ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (26-8-2005) (၄၆၉၉)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိ မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဝတ်ကျေတန်းကျေမဟုတ်ဘဲ မိမိတာဝန်ကျရာဒေသအား မိမိဇာတိသဖွယ် မြို့မိမြို့ဖများနှင့်ပူးပေါင်း၍ စံနမူနာပြုလုပ်ကိုင်

ရန်ကုန် ဩဂုတ် ၂၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တန့်ယန်းတပ်နယ်မှ တပ်ရင်း၊တပ်ဖွဲ့များ၏ ဘိန်းအစားထိုးသီးနှံစိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။**

## ရှင်းလင်းပြသ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် တန့်ယန်းတပ်နယ်အတွင်း ပျား လိမ္မော်ဧက ၂၀၀ စိုက်ပျိုးထားရှိမှု၊ တပ်ရင်း၊တပ်ဖွဲ့များ၏ ၁၂ လရာသီစိုက်ခင်းအတွင်း ရုံငယ်များဖြင့် တောင်ကန်စွန်း၊ ပဲတီစိမ်း၊မုန်ညင်းဖြူ၊မုန်ညင်းစိမ်း၊ချဉ်ပေါင်၊ဖရုံ၊ ငရုတ်၊ မုန်လာ၊ ရုံးပတီ၊ဆူးပုပ်နှင့် ကင်ပွန်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တန့်ယန်းတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မြင့်က လိုလိုလံ ရှင်းလင်းပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ကတ်တီမိုး ကော်ဖီပင်တစ်သောင်း ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ပိန္နဲ၊သံပရာ၊လိမ္မော်၊ကမ္ဘလာနှင့် နွယ်သာကီ ပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရန် လိုအပ်သော တပ်ရင်း၊တပ်ဖွဲ့များနှင့် ကျေးရွာများသို့ မျိုးများဖြန့်ဝေသွားရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တန့်ယန်းတပ်နယ် တပ်ရင်း၊တပ်ဖွဲ့ များအတွင်း မိသားစုတစ်ပိုင်တစ်နိုင် စိုက်ခင်းများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးခရိုင် မိုင်းရယ် မြို့နယ် လားရှိုး–မိုင်းရယ်–တန့်ယန်းကားလမ်း နားခေါ်ကျေးရွာအနီးရှိ ကုန်းမြင့်လယ်ယာမြေ ဧက ၇၀၀ ဖော်ထုတ်ရေးစီမံကိန်းတွင် စိုက်ခင်း များကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ရန်ကုန်မိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

The Mirror

၂၆–၈–၂၀၀၅
(သောကြာနေ့)

# ဘိန်းအစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုး

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံစီမံဖြည့်ဆည်း တည်ဆောက်ပေးလျက်ရှိသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်မှုကွန်ရက်တွင် အကြားအလပ်မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကိုပါ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်လျက်ရှိသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာအောင် ကြိုးပမ်းနိုင်ခဲ့သည့်အတွက် နယ်မြေဒေသများတွင် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းနေသည်။ အကျိုးရလဒ်ကောင်းများအဖြစ် နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်း ပေးနိုင်ပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပါဝင်ကြိုးပမ်းလျက်ရှိရာ နယ်စပ်ဒေသများသည် ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ လူနေတိုက်တာ အဆောက်အအုံများဖြင့် နေ့ချင်း၊ ညချင်းတိုးတက်စည်ပင်လျက်ရှိသည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက စားဝတ်နေရေးအတွက် ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုလာခဲ့ကြရသည့် ဒေသခံ တောင်သူများသည် ယနေ့အချိန်အခါတွင် ဘိန်းအစားထိုးသီးနှံများကို စိုက်ပျိုးလျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုများရလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်လ ၂၀ ရက်နေ့က လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတို့အား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူဦးရေ ၂ ဒသမ ၃ သန်းကျော် နေထိုင်လျက်ရှိပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက တက်ညီလက်ညီ ကြိုးပမ်းစိုက်ပျိုးလုပ်ကိုင်မှုများကြောင့် ဒေသဝမ်းစာ ဖူလုံမှုရရှိနေသည်။ ဒေသဝမ်းစာ ဖူလုံမှုမှာ ၂၀၀၂–၂၀၀၃ ခုနှစ်က ၈၃ ရာခိုင်နှုန်းကျော်သာ ရှိခဲ့ရာမှ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၁၀၃ ဒသမ ၁၆ ရာခိုင်နှုန်းအထိ ရရှိလာကြောင်း တွေ့ရသည်။

ယင်းသို့ ဒေသဝမ်းစာဖူလုံလာခြင်းမှာ ပြည်နယ်အတွင်း တစ်ဧကအထွက်နှုန်းကောင်းသော ဆင်းရွှေလီစပ်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးစိုက်ပျိုးမှုအပါအဝင် သီးထပ်သီးညှပ်များ ကြိုးပမ်းစိုက်ပျိုးမှုတို့ကြောင့် ဖြစ်သည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ၂၀၀၄–၂၀၀၅ခုနှစ် စိုက်ပျိုးရေးရာသီတွင် သီးထပ်သီးညှပ်သီးနှံများအပါအဝင် စိုက်ပျိုးဧက ၁၂ သိန်းကျော် ရှိသည်။

ပြည်နယ်အတွင်း နယ်မြေဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားလုပ်ကိုင်လျက်ရှိရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၏ ပျိုးဥယျာဉ်အမှတ်(၁)နှင့် အမှတ် (၂) တို့တွင် ပျားလိမ္မော်ပင်များ၊ စံပြပဲပုပ်၊ စံပြနေကြာ၊ ဆင်းရွှေလီအစေ့ထုတ်ပြောင်း၊ နှစ်ရှည်လိုင်ချီးပင် ၁၀၀၀ နှင့် ရာသီသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် ကုန်းမြင့်ယာမြေ(၁) ဧက၁၀၀၀ စံပြစိုက်ခင်း၌ ဆင်းရွှေလီအစေ့ထုတ်ပြောင်းများကို စိုက်ပျိုးထားပြီး ဘိန်းအစားထိုးသီးနှံ အရိပ်မဲ့ကော်ဖီဧက ၁၀၀ စိုက်ခင်း၌ တစ်ဧကလျှင် ကော်ဖီပင် ၂၄၀၀ ကျော်နှုန်းဖြင့် ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်မြင့်မားရေးလုပ်ငန်းများကို ဇောက်ချ၍ အေးချမ်းစွာ ဆောင်ရွက်လာနိုင်ကြခြင်းမှာ တိုင်းရင်းသားညီအစ်ကိုများအကြား စည်းလုံးညီညွတ်မှုအခြေခံကောင်းများ တည်ဆောက်နိုင်ခဲ့၍ ဖြစ်သည်။

သို့ဖြစ်ရာ ဒေသ၏ စီးပွားရေး၊ လူမှုရေးများ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်၏ အားပေးကူညီ ဖြည့်ဆည်းပေးမှုများနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက အထွက်တိုးစပါးနှင့် ဘိန်းအစားထိုးအခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ၂၀၀၅ ခုနှစ်ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

**၂၀၀၅ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြို့နယ်မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းအုပ်ချုပ်သူများ၊နည်းပြများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးပြမှူးက ပြိုင်ပွဲဝင် အားကစားအသင်းများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တန်းအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်တိုင်း စစ်ဌာနချုပ် အမျိုးသားနှင့် အမျိုးသမီး ဘော်လီဘောအသင်းများအနေဖြင့် ပထမဆု လေးကြိမ်စီ ရရှိခဲ့ပြီး ကျား၊ မစွယ်စုံ တံခွန်စိုက်ဒိုင်းဆုကြီးကို သုံးကြိမ်ရရှိခဲ့ကြောင်း။

**ဖွင့်လှစ်ပေး**

ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘော်လီဘောအသင်းမှ တပ်မတော်လက်ရွေးစင်အမျိုးသားကိုးဦးနှင့် အမျိုးသမီးခုနစ်ဦး၊ မြန်မာ့လက်ရွေးစင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ယနေ့ပြိုင်ပွဲဝင်မည့် အားကစားသမားများ အနေဖြင့်လည်း နိုင်ငံတော်၏ အားကစားရည်မှန်းချက် အောင်မြင်အောင် အားကစားစိတ်ဓာတ် ပြည့်ဝစွာဖြင့် စွမ်းစွမ်းတမံ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲအုပ်စု (က) ပွဲစဉ်(၁) ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ကျင်းပ**

၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အားကစားအသင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် အားကစားရုံ၌ စက်တင်ဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

**အမှာစကားပြောကြား**

**၂၀၀၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။**

(ရန်ကုန်တိုင်း)

# ရှမ်းပြည်နယ်( မြောက်ပိုင်း )ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့သို့ရောက်ရှိပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ဝန်ကြီးသည် ကျောင်းအုပ် ဦးစိုးဝင်းညွန့်နှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများအား အမှာစကား ပြောကြားကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်အဖွဲ့သည် တန့်ယန်းမြို့ ရွှေမောင်းသီလရှင် စာသင်တိုက်သို့ ရောက်ရှိပြီး တိုက်အုပ်သီလရှင်ဆရာကြီး ဒေါ်ပညာစာရီနှင့် သီလရှင်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ စာသင်တိုက်ရှိ တိုင်းရင်းသူ သီလရှင် ၂၀၂ ပါးအတွက် ဆွမ်းဆန်များ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တန့်ယန်းမြို့ ဝေဠုဝန်စာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏာဓဇနှင့် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဝေဠုဝန်စာသင်တိုက်ရှိ “ဝ”ဒေသမှ ရဟန်းသာမဏေ ၂၅၂ ပါးအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည်တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး မြို့နယ်အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြို့သန့်ရှင်းသာယာရေး၊ ဝန်ထမ်းများ စွမ်းရည်ထက်မြက်ရေး ကိစ္စရပ်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် အဖွဲ့သည် တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တ ကုသလနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး “ဝ”ဒေသမှ စာသင်သား သာမဏေ ၁၅၂ ပါး အတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

**ဟောပြော**

**ဩဂုတ် ၂၃ ရက်က လှိုင်မြို့နယ် အထက(၁) ကျောင်း ကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ဗဟိုကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က ကျန်းမာရေး အဆင့်မြင့် ကျောင်းအကြောင်း ဟောပြောစဉ်။**

(ပညာရေး)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ချောက်ရေနံမြေ စစ်ဆေး ရေနံနှင့်ဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းစဉ်များချမှတ်

ရန်ကုန် ဩဂုတ် ၂၅

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့လိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ချောက်မြို့ရှိ ချောက်ရေနံမြေသို့ သွားရောက်စစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ ချောက်ရေနံမြေ အထွေထွေမန်နေဂျာ ဦးစက်အောင်က ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Goldpetrol ကုမ္ပဏီ မန်နေဂျာ Mr. Sugi Handokoက ချောက်နှင့် ရေနံချောင်းရေနံမြေတို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ပေနက်ပိုင်း အလားအလာ အသစ်များ ရှာဖွေတွေ့ရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရေးအတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ချောက်နှင့်ရေနံချောင်းဒေသ၌ ပေ ၁၀၀၀၀ကျော်တွင် ရှိသည့် ပေနက်ပိုင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာအသစ်များကို အမြန်ဆုံး တူးဖော်စမ်းသပ်သွားရန် ဖြစ်ကြောင်း၊ တိုင်းတာရရှိပြီးဖြစ်သည့် ဆိုက်စမစ် အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး တွင်းသစ်တူးဖော်မည့် အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် လိုကြောင်း အသေးစိတ်မှာကြားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

### ဓာတ်ငွေ့လုပ်ငန်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောက်မြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ကို သတ်မှတ်ဖိအားအတိုင်း ပြည့်မီစွာဖြည့်တင်းပေးနိုင်ရေး မှာကြားကာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ချောက်မြို့အနီးရှိ အသစ်ထပ်မံ တည်ဆောက်တပ်ဆင်ထားသည့် မိုလာသဘာဝဓာတ်ငွေ့ဖိအားမြှင့် စက်ရုံအတွက် ၁၀လက်မသဘာဝဓာတ်ငွေ့ပိုက်လိုင်း အသစ်ဆက်သွယ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အမှုဆောင်အင်ဂျင်နီယာဦးဝင်းကျော်က ပိုက်လိုင်းဆက်သွယ်နေမှုအခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး) ဦးအုန်းမြင့်က ချောက်ဒေသနှင့် ကျောက်ဆည်ဒေသအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ ဖြန့်ခွဲပို့လွှတ်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ချောက်ဒေသအတွင်းရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်မြေဩဇာစက်ရုံများ၊ ကျောက်ဆည်ဒေသစက်မှုဇုန်များသို့ သဘာဝဓာတ်ငွေ့ဖိအား ပြည့်မီစွာ ပို့လွှတ်နိုင်ရေးအတွက် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပိုက်လိုင်းဆက်သွယ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး မှာကြားသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ချောက်မြို့အနီးရှိ အသစ်ထပ်မံ တည်ဆောက်တပ်ဆင်ထားသည့် မိုလာသဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံသို့ ၁၀လက်မသဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် ဆက်သွယ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)

# မြန်မာနိုင်ငံ မြန်တမ်း

**ရန်ကုန် ဩဂုတ် ၂၅**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအုန်းသန်း<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးသိန်းထွန်း<br>ကျောင်းအုပ်ကြီး<br>မန္တလေးသမဝါယမကောလိပ်<br>သမဝါယမဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>ရန်ကုန်သမဝါယမ<br>ဒီဂရီကောလိပ်<br>သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဦးသန်းအေး<br>ဒုတိယပါမောက္ခ<br>ရန်ကုန်သမဝါယမဒီဂရီကောလိပ်<br>သမဝါယမဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>မန္တလေးသမဝါယမ<br>ကောလိပ်<br>သမဝါယမဝန်ကြီးဌာန |

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၈–၂၀၀၅ (သောကြာနေ့)**

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ ကျေးလက်ဒေသဖွံ့ဖြိုးဖို့ စပါးခင်းမှာငါးမွေးစို့
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၃၀ ကျော်ကြားထင်ရှားအနုပညာ ပုလဲပန်းများ အကယ်ဒမီ ခင်ယုမေ(အပိုင်း–၃)
- ၈း၀၀ တေးဂီတအစီအစဉ်
- ၈း၀၅ အမွန်မြတ်ဆုံးလက်ဆောင် (နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်)
- ၈း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၃၅ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုအားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (သိုင်း)
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့(အပိုင်း–၃)
- ၉း၁၀ တေးဂီတအစီအစဉ်
- ၉း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၂၀ သီးနှံဖျက်ပိုးများကိုထိရောက်စွာကာကွယ်နှိမ်နှင်းနည်းများ (အပိုင်း–၂)
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ သံဂဟေအတတ်ပညာ (အပိုင်း–၂)
- ၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၁၀ ဗွီစီဒီလှိုင်းခတ်သံ (လေးဖြူ–လိပ်ပြာ)
- ၁၀း၂၅ စက်ဘီးစက်ရုံ(ကျောက်ဆည်)
- ၁၀း၃၅ On The Ball
- ၁၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။**

**English Premier League**
**ဘောလုံးပွဲစဉ်များ**

- ညပိုင်း အစီအစဉ်
- ၁၀း၀၀ Birmingham-Middlesbrough
- လိုင်း 5-Cartoon (Delay)

# သီချင်းဆိုပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ပညာသီချင်းဆိုပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ ကျင်းပရာ ပထမဆုကို အလက(၁)ဒဂုံ၊ ဒုတိယဆုကို အလက(၇)လှိုင်၊ တတိယဆုကိုအထက(၁) လမ်းမတော်၊ နှစ်သိမ့်ဆုကို အလက(၂)သဃ်န်းကျွန်းတို့က ရရှိကြသည်။ (သတင်းစဉ်)

# ပေးအပ်လှူဒါန်း

**မြန်မာ့ခတု အင်ဂျင်နီယာများ အဖွဲ့(၁)ကုမ္ပဏီ ဆရာဦးစိန်သောင်းဦးနှင့် တပည့်များက ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာ ဒေါ်မေဝင်းအောင်ခင်သို့ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)

# သောက်ရေသန့်နှင့်ပတ်သက်၍ အများပြည်သူ သိရှိရန်အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် စစ်မှန်ပြီးအရည်အသွေးပြည့်မီသော သောက်ရေသန့်များကို အများပြည်သူတို့ သောက်သုံးနိုင်ရန်နှင့် သောက်ရေသန့်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်နယ်၊ တိုင်းများရှိ ဈေးကွက်များမှ သောက်ရေသန့်နမူနာများကို ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ သောက်ရေသန့် အမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက် (သောက်ရေသန့်) ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားခြင်းမရှိပါသဖြင့် အရည်အသွေး အာမခံချက်မရှိသော သောက်ရေသန့်များဖြစ်ကြောင်း အသိပေးအပ်ပါသည်–

| စဉ် | သောက်ရေသန့် အမှတ်တံဆိပ် | လုပ်ငန်းတည်ရှိရာ လိပ်စာဖော်ပြချက် |
|---|---|---|
| ၁။ | Samurai | SPS (Mandalay) |
| ၂။ | Royal | လမ်း(၃၀)၊ ၆၆x ၆၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၃။ | **ငပလီ** | အေ ၅၊ သီရိရိပ်သာ၊ ၃၅လမ်း၊ ၇၀ x ၇၁ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | **မြသီဒါ** | မန္တလေးမြို့။ |
| ၅။ | **လင်းမာန်သစ်** | ထီးချိုင့်မြို့။ |
| ၆။ | **စိမ်းရတနာ** | ဆိပ်မူ၊ မော်ရှန်၊ ဖားကန့်မြို့။ |
| ၇။ | **မင်္ဂလာ** | ဆိပ်မူ၊ ဖားကန့်မြို့။ |

၃။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက် (သောက်ရေသန့်)ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ် ရရှိခြင်းမရှိသေးဘဲ အစားအသောက် (သောက်ရေသန့်)များ ထုတ်လုပ်ခြင်းမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေး အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက မြို့နယ်သချာ်ထူးချွန်ဆုရ စတုတ္ထတန်း ကျောင်းသား မောင်သီဟစိုးလွင်အား ဆုချီးမြှင့်စဉ်။** (က–ပ)

# ကန်စစ်ဘက် မီဒီယာသတင်းဌာနများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု နည်းပါး

ချီကာဂို ဩဂုတ် ၂၄

**အမေရိကန်နိုင်ငံသားများအနေဖြင့် စစ်ဘက်ကရရှိသည့် သတင်းများအပေါ် ယုံကြည်ကိုးစားမှု လျော့နည်းလာလျက်ရှိရာ အီရတ်စစ်ပွဲဖြစ်ပွားမှုက ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို သံသယတိုးပွားစေသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ကထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတစ်ရပ်အရ သိရသည်။**

၇၇ ရာခိုင်နှုန်းသော အမေရိကန်ပြည်သူများက စစ်ဘက်မီဒီယာသတင်းဌာနသည် တစ်ခါတစ်ရံ လမ်းလွဲစေသည့်သတင်းများ ပေးသည်ဟုယုံကြည်ကြပြီး ၆၀ ရာခိုင်နှုန်းသော အမေရိကန်တို့က စစ်ဘက်နှင့် ပတ်သက်သည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် သတင်းအနည်းအကျဉ်းသာ ရရှိခဲ့သည်ဟု ပြောကြားခဲ့ကြောင်း မက်ကော်မစ်ထရီဗြွန်းဖောင်ဒေးရှင်း သဘောထားကောက်ယူမှုအဖွဲ့က ပြောကြားသည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အဆိုပါရလဒ်သဘောထားများ ထွက်လာခြင်းမှာ ထိုနိုင်ငံအားတိုက်ခိုက်ရန်ဆုံးဖြတ်ချက်မချမီ ငြင်းခုံဆွေးနွေးမှုပြုလုပ်ရာတွင် ပြည်သူများက စစ်ဆင်နွှဲတိုက်ခိုက်ရန် လိုလားမှုမရှိသည့် အချက်ကို ရောင်ပြန်ဟပ်ခြင်း ဖြစ်ဖွယ်ရှိသည်ဟု ဖော်ပြပါ ဖောင်ဒေးရှင်းမှ ယာယီညွှန်ကြားရေးမှူးဖြစ်သူ မက်ဟောလက်က ပြောကြားသည်။ စစ်ဘက်မီဒီယာသတင်းဌာနအပေါ် ပြည်သူလူထုအတွင်း သံသယဖြစ်ပွားမှုများ တိုးပွားလာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါဖောင်ဒေးရှင်းက အရွယ်ရောက်ပြီးသူ ၁၀၁၆ဦးကို မေ ၃၁ရက်နှင့် ဇွန် ၁၆ ရက်အတွင်း ကောက်ယူလေ့လာခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အီရန်တွင် ဆေးခြောက် ကီလို ၉၀၀ သိမ်းဆည်း

**တီဟီရန် ဩဂုတ် ၂၄**

အီရန်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရဲတပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်းရှိ ဘန်ဒါအဘတ်စ် ဆိပ်ကမ်းမြို့တွင် ဆေးခြောက်ကီလို ၉၀၀ ကျော်ကို တနင်္လာနေ့က သိမ်းဆည်းပြီး မူးယစ်ဆေးဝါး တရားမဝင် ကုန်ကူးသည့် ဂိုဏ်းနှစ်ဂိုဏ်းကိုလည်း ချေမှုန်းလိုက်ကြောင်း နိုင်ငံပိုင် အိုင်အာရ်အင်အေသတင်းဌာနက ကြေညာသည်။

ယင်းဂိုဏ်းများသည် အီရန်နိုင်ငံအနှံ့ မူးယစ်ဆေးဝါး တရားမဝင် ကုန်ကူးရာတွင် ပါဝင်ပတ်သက်နေကြပြီး အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဆော်ဒီအာရေဗျနှင့် အီရတ်နိုင်ငံတို့သို့ မူးယစ်ဆေးဝါး မှောင်ခိုတင်ပို့ နေသည့် နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းများနှင့်လည်း အဆက်အသွယ်ရှိသည်ဟု ရဲတပ်ဖွဲ့၏ သတင်းများကို ကိုးကားလျက် အိုင်အာရ်အင်အေသတင်းဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ကားဗုံးသုံးလုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့အား ပစ်မှတ်ထားတိုက်ခိုက်

ရာမာဒီ(အီရတ်) ဩဂုတ် ၂၄

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသရှိ ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏အနီး၌ ပြောက်ကျားများက ကားဗုံးသုံးလုံး အင်္ဂါနေ့က တစ်ဆက်တည်း ဖောက်ခွဲကြောင်းဖြင့် ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

အမေရိကန် မော်တော်ယာဉ်တန်း ရာမာဒီမြို့မှ ဖြတ်သန်းမောင်းနှင်စဉ် ပထမကားဗုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းပေါက်ကွဲမှုအတွင်း အမေရိကန်ကြည်းတပ်မှ မော်တော်ယာဉ်တစ်စီး ပျက်စီးသွားခဲ့ပြီး ဘေးမှရပ်ကြည့်သူ အီရတ်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရ သို့တည်းမဟုတ် သေဆုံးမှု ရှိ၊ မရှိ ကိစ္စမှာ ရှင်းရှင်းလင်းလင်း မရှိသေးပေ။ ဆွန်နီအာရပ်ခေါင်းဆောင်များက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်သည်ဟု သတိပေးမှုများ ပေါ်ပေါက်လာပြီး ယင်းသို့တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

အမေရိကန်မရိန်းတပ်ဖွဲ့က သတင်းထုတ်ပြန်ရန်အတွက် ရုတ်ချည်းအားဖြင့် တုံ့ပြန်မှုမရှိသေးကြောင်းသိရသည်။

ယင်းတိုက်ခိုက်မှုအပြီး မိနစ်ပိုင်းအကြာတွင် ဗုံးဖောက်ခွဲသူတစ်ဦးက ရာမာဒီမြို့စွန်ရှိ စက်မှုဇုန်အတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်သည့် အဆောက်အအုံအတွင်း ပေါက်ကွဲစရာပစ္စည်းအပြည့်တင်ထားသည့် ကားဗုံး ဖောက်ခွဲခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အဆောက်အအုံ၏ အစိတ်အပိုင်းအချို့ပြိုကျကုန်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ဒုတိယဗုံးပေါက်ကွဲစဉ်က ဒဏ်ရာရရှိသူများအား ကူညီရန်လာရောက်စဉ် အဆောက်အအုံအနီး မော်တော်ယာဉ်အတွင်း သို့ဝှက်လာသည့်ဗုံး ပေါက်ကွဲသည်ဟု အခင်းဖြစ်ပွားရာနေရာ၌ ရောက်ရှိနေသူ ရိုက်တာသတင်းထောက်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဆိုက်ပရပ် ခရီးသည်တင်လေယာဉ်ပျက်ကျမှု ဂရိနိုင်ငံတွင် အပြစ်မရှိကြောင်း ရှင်းလင်းပြောကြား

**အေသင် ဩဂုတ် ၂၄**

လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ ၁၂၁ ဦးစလုံး သေဆုံးရသည့် အေသင်မြို့အနီး လွန်ခဲ့သော ရက်သတ္တပတ်က ပျက်ကျသော ဆိုက်ပရပ်ခရီးသည်တင်လေယာဉ်ကို ဂရိအက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များက ပစ်ချခြင်းဖြစ်နိုင်သည်ဆိုသော မှန်းဆချက်မှာ မမှန်ကန်ကြောင်းဖြင့် ဂရိအစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဆိုက်ပရပ် ခရီးသည်တင်လေယာဉ်မှာ ပျက်ကျခြင်းသာဖြစ်ကြောင်းနှင့် ပစ်ချခံရခြင်းမဟုတ်ကြောင်း အက်ဖ်-၁၆ လေယာဉ်များမှ ပျံသန်းမှု မှတ်တမ်းတင်ကိရိယာများနှင့် လက်နက်ခဲယမ်းထိန်းချုပ်မှု အချက်အလက်များက သက်သေခံနေကြောင်းဖြင့် ဂရိနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဝန်ကြီး ဂျော့ဗူဂါရာကစ်က ပြောကြားသည်ဟု ချီုရာသတင်းစာက ဖော်ပြသည်။

ဆိုက်ပရပ် ခရီးသည်တင်လေယာဉ်ကြီးမှာ လေကြောင်း ထိန်းသိမ်းရေးဌာနနှင့်အဆက်အသွယ်ပြတ်ပြီးနောက် ဂရိလေတပ်မှ အက်ဖ်-၁၆ တိုက်လေယာဉ်နှစ်စင်းကို ကြားဖြတ်ဟန့်တားရန် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

***အင်တာနက်။***

# နိုင်ငံတကာသတင်းများ

# နယ်သာလန်နိုင်ငံ ရော့တာဒမ်ရေနံချက်စက်ရုံမှ ဆာလ်ဖာဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွား

**ဘရပ်ဆယ် ဩဂုတ် ၂၃**

နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့ ရေနံချက်စက်ရုံမှ တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားကြောင်း၊ သို့ရာတွင် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်းဖြင့် နယ်သာလန် မီဒီယာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

**ယိုစိမ့်**

ရော့တာဒမ်မြို့ မိုဇယ်တင်စက်မှုဇုန်ရှိ ရေနံချက်စက်ရုံခေါင်းတိုင်မှ အရောင်အဆင်းမဲ့ဓာတ်ငွေ့များ ယိုစိမ့်ခြင်းဖြစ်ပြီး ၄၅ မိနစ်ခန့် ဆက်လက်ယိုစိမ့်နေခြင်းဖြစ်သည်။

**အကူအညီတောင်း**

ယင်းသို့ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူအများစုမှာ မျက်ရည်များယိုကျမှု ခံစားရပြီး ယင်းပြဿနာကို ကိုင်တွယ်ရှင်းလင်းနိုင်ရန်အတွက် ရဲတပ်ဖွဲ့နှင့် အရေးပေါ်ဌာနသို့ အကြောင်းကြားကာ အကူ အညီတောင်းခံထားရသည်။

**သယ်ဆောင်**

အနောက်လေ တိုက်ခတ်မှုကြောင့် ယင်းဓာတ်ငွေ့များသည် ရိုဇင်ဘတ်မြို့ လူနေရပ်ကွက်သို့ သယ်ဆောင်သွားနိုင်ကြောင်း၊ ဒေသစံတော်ချိန် ၅ နာရီအထိ ယင်းသို့ လေတိုက်သည့် အထောက်အထားများ မရသေးကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ရောဂါများဖြစ်ပွား**

အဆိုပါ ဓာတ်ငွေ့ယိုစိမ့်မှုများပြားပါက အသက်ရှုလမ်းကြောင်းဆိုင်ရာ ဝေဒနာနှင့်အဆုတ်၊ နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျပန်နိုင်ငံ အလယ်ပိုင်း ရှီဇူအိုကာဒေသတွင် လေမုန်တိုင်းဒဏ်ကြောင့် ရေလှိုင်းများ တက်လာသည်ကို ကမ်းနားလမ်းတစ်လျှောက် ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# မြို့တော် ဘေရွတ်မြောက်ဘက် ဗုံးပေါက်ကွဲ ဒေသခံ နှစ်ဦးထက်မနည်း ဒဏ်ရာရ

**ဘေရွတ် ဩဂုတ် ၂၄**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မြောက်ဘက်တွင် တနင်္လာနေ့ညက အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဒေသခံနှစ်ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း လက်ဘနွန်လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်ဘေရွတ်မြောက်ဘက် ဇာလ်ခါဒေသတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

**ပျက်စီး**

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာမှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဖြင့် စည်ကားရာနေရာတစ်နေရာဖြစ်ပြီး ဟိုတယ်တစ်လုံး၊ ကော်ဖီဆိုင်များနှင့် စျေးဆိုင်များတည်ရှိသည်။ ဗုံးပေါက်ကွဲမှုကြောင့် တံတိုင်းနံရံတစ်ခု အကြီးအကျယ် ပျက်စီးသွားသည်။မည်သည့်အကြောင်းကြောင့် ဗုံးပေါက်ကွဲမှုဖြစ်ပွားရသည်ကို လောလောဆယ်မသိရသေးပေ။

လက်ဘနွန်နိုင်ငံတွင် ပြီးခဲ့သည့်ဖေဖော်ဝါရီလက ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီအား ဗုံးဖောက်ခွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ချိန်မှစ၍ ဗုံးဖောက်ခွဲသည့်ဖြစ်ရပ်များ ဆက်လက်ဖြစ်ပွားခဲ့သည်။

လက်ဘနွန်နိုင်ငံတွင် နောက်ဆုံးဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုမတိုင်မီ ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုမှာ ဇူလိုင်လအတွင်းကဖြစ်ပွားခဲ့သည်။ မြို့တော်ဘေရွတ်သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် လာရောက်ပြီးနောက် မကြာမတင်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဖိလစ်ပိုင်တွင် ငြိမ်းချမ်းမည့်အခြေအနေများ ဖြစ်ပေါ် သူပုန်အဖွဲ့နှင့်အစိုးရ ဆွေးနွေးရေးစီစဉ်နေ

မနီလာ ဩဂုတ် ၂၄

**ဖိလစ်ပိုင်အစိုးရနှင့် ဖိလစ်ပိုင်သူပုန် မိုရိုအစ္စလာမ္မစ်(အမ်အိုင်အယ်လ်အက်ဖ်)အဖွဲ့ တို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို မကြာမီ ပြန်လည်စတင်နိုင်တော့မည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ၏ အကြံပေးအရာရှိက ဩဂုတ် ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။**

ဖိလစ်ပိုင်အစိုးရအနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲဆိုင်ရာ ကိစ္စများကို အချောသတ်စီစဉ်လျက် ရှိကြောင်း၊ ထိုအစီအစဉ်များရေးဆွဲပြီးနောက်ပိုင်းတွင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်ကျင်းပသွားရန် အစီအစဉ်ရှိကြောင်း ဖိလစ်ပိုင်သမ္မတ၏ ငြိမ်းချမ်းရေးအကြံပေး ရီနီဆာမင်တိုက ပြောကြားသည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလ ပထမသီတင်းပတ်တွင် စတင်နိုင်စရာရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ယုံကြည်**

အမ်အိုင်အယ်လ်အက်ဖ် အဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို ယခုနှစ်ကုန် သို့မဟုတ် ၂၀၀၆ ခုနှစ် ပထမလေးလပတ်ကာလတွင် ချုပ်ဆိုနိုင်လိမ့်မည်ဟုမိမိယုံကြည်ထားကြောင်း သမ္မတ၏ အကြံပေးက ပြောကြားသည်။ ဖိလစ်ပိုင်အစိုးရဘက်ကသာ မဟုတ် အမ်အိုင်အယ်လ်အက်ဖ်အဖွဲ့ဘက်မှလည်း အပြုသဘောဆောင်သော လက္ခဏာများကို ပြသလျက်ရှိကြောင်း တွေ့မြင်ရသည်ဟုဆိုသည်။

**ထောက်ခံ**

ဖိလစ်ပိုင်အစိုးရနှင့် အမ်အိုင်အယ်လ်အက်ဖ်အဖွဲ့တို့အကြား ငြိမ်းချမ်းရေးရရှိလာစေရန် မလေးရှားနိုင်ငံကလည်း အားပေးထောက်ခံလျက် ရှိသည်။ မလေးရှားနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအို ဒေသတွင် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးအဖွဲ့ကို စေလွှတ်ထားသည်။ ထိုအဖွဲ့၏သက်တမ်းကို နောက်ထပ် တစ်နှစ်တိုးမြှင့်ရန် မလေးရှားနိုင်ငံက သဘောတူထားပြီးဖြစ်သည်။ ထိုအချက်ကလည်း မိမိတို့၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို ပို၍အားကောင်းစေသည်ဟု သမ္မတ၏ အကြံပေးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသတွင် အမ်အိုင်အယ်လ်အက်ဖ်အဖွဲ့ ဆန့်ကျင်နေသည်မှာ ဆယ်စုနှစ် နှစ်ခုပင်ကျော်နေပြီဖြစ်ရာ ထိုတိုက်ခိုက်မှုများကြောင့် နှစ်ဖက်စလုံးတွင် ဖြစ်ပေါ်ခဲ့ရသော အသေအပျောက် အဆုံးအရှုံးမှာလည်း လူ့အသက်ပေါင်းထောင်နှင့်ချီ၍ ရှိခဲ့ပြီဖြစ်သည်။ ထို့အပြင် အပစ်အခတ်များ ဖြစ်ပွားရာ ဒေသမှ လူအများအပြားမှာလည်း အိုးအိမ်များကို စွန့်ပစ်ကာ ဒုက္ခသည်များဘဝဖြင့် အခက်အခဲပေါင်းစုံကို ရင်ဆိုင်နေကြရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

ပီရူးနိုင်ငံပိုင် လေယာဉ် အရေးပေါ် ဆင်းသက်ပြီးနောက် မီးလောင်နေသည်ကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

# အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးပွဲတော် ဗီယက်နမ်၌ကျင်းပမည်

ဟနွိုင် ဩဂုတ် ၂၄

၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပွဲတော်ကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကန်သိုမြို့၌ ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပွဲတော်တွင် ဒေသတွင်းကုမ္ပဏီ ၅၀၀ နှင့် ပြည်ပနိုင်ငံများမှကုမ္ပဏီ ၁၀၀ ကျော်တို့ပါဝင်ဆင်နွှဲမည်ဟု မျှော်မှန်းထားကြောင်း အဆိုပါပွဲတော်ကျင်းပရေးအဖွဲ့၏အဖွဲ့ဝင်တစ်ဦးက တနင်္လာနေ့တွင်ပြောကြားခဲ့သည်။

**ပြသထား**

ထိုပွဲတော်ကို ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက်ထိကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ စိုက်ပျိုးရေးစက်ပစ္စည်းများနှင့် နည်းပညာများ၊ တိရစ္ဆာန်အကောင်ပေါက်များ၊ မျိုးစေ့နှင့်ပျိုးပင်များ စသည်တို့ကို ပြသထားမည်ဖြစ်သည်။ အဆိုပါ ပွဲတော်တွင် တရုတ်၊ ထိုင်း၊ တောင်ကိုရီးယား၊ အမေရိကန်၊ ပြင်သစ်နှင့် အခြားနိုင်ငံများမှလည်း လာရောက် ပြသကြမည်ဖြစ်သည်။

ယင်းပွဲတော်ကာလအတွင်း ဗီယက်နမ်နိုင်ငံကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးမှုဝန်ကြီးဌာနများမှ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ ကန်သိုပြည်သူ့ကော်မတီ၊ လယ်ယာကုန်ထုတ်လုပ်ရေးမှလည်း သရုပ်ပြပွဲများ ကျင်းပပြီး ပြသသောလုပ်ငန်းများကို ကြိုဆိုလက်ခံမည်ဖြစ်သည်။

၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပွဲတော်တွင် ဗီယက်နမ်ကုမ္ပဏီ ၅၅၀ နှင့်ပြည်ပ ကုမ္ပဏီ ၈၀ ပါဝင်ပြသခဲ့သည်။ အဆိုပါပွဲတော်တွင် ဗီယက်နမ်နိုင်ငံရှိ အမေရိကန်၊ အစ္စရေး၊ ဒိန်းမတ်၊ ကနေဒါနှင့်ထိုင်းနိုင်ငံ စသည့်သံရုံးတို့မှ ပါဝင်ပြသခဲ့ကြသည်။ ၎င်းတို့သည် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် အောင်မြင်မှုများ ရရှိနေသောလုပ်ငန်းစီမံချက်များ အကြောင်းကို ပြသခဲ့ကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တုပ်ကွေးရောဂါဆေးဝါး ရှားပါးလျက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

ဗန်ကောက် ဩဂုတ် ၂၄

တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် ဆေးဝါးများလုံလုံလောက်လောက်ရှိရန် လိုအပ်ကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)မှ ကျွမ်းကျင်သူတစ်ဦးက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ကမ္ဘာပေါ်တွင် နောက်ထပ်ဖြစ်ပွားလာနိုင်သည့် တုပ်ကွေးရောဂါအတွက် ပြင်ဆင်မှုပြုလုပ်မှုများ အလုံအလောက်ရှိပါ၏လောဟု ဒဗလျူအိပ်ချ်အို အကြီးအကဲ ကလော့စ်စတော်က ဗန်ကောက်တွင် ပြုလုပ်သည့် ကူးစက်တတ်သည့် ရောဂါဆိုင်ရာ နိုင်ငံတကာအစည်းအဝေးတွင် မေးခွန်းထုတ်ခဲ့သည်။

ထိုမေးခွန်းနှင့် ပတ်သက်၍ ၎င်းက ပြင်ဆင်ထားမှုများ အဆင်သင့် မရှိသေးကြောင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

မကြာမီကာလအတွင်း ယင်းရောဂါ ပြန်လည်ဖြစ်ပွားနိုင်သည့် အလားအလာထွက်ပေါ်လာနေစဉ် ယင်းရောဂါ တိုက်ဖျက်ရေးအတွက် နိုင်ငံအများစုအနေဖြင့် စိတ်ချရသည့် ကာကွယ်ရေး အစီအစဉ်မရှိကြသေးဟု ၎င်းက ပြောကြားသည်။

အိပ်ချ် ၅–အင်–၁ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် လူသေဆုံးမှုများ ဖြစ်ခဲ့သည်။ ယင်းနိုင်ငံများမှတစ်ဆင့် ငှက်များ ပျံသန်းယူဆောင်မှုကြောင့် တရုတ်၊ မွန်ဂိုလီးယား၊ ရုရှားနှင့် ဆိုက်ဗေးရီးယားဒေသတို့သို့ ရောဂါကူးစက်ခဲ့သည်။

ယင်းဗိုင်းရပ်စ်ပိုး ကူသရန် ထိရောက်မှုရှိသည့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆေးဝါး ထုတ်လုပ်မှုအပေါ်မှာတွင်သာ အားမထားသင့်ကြောင်း၊ ယင်းဆေးဝါးကို ထုတ်လုပ်ရာတွင် ကန့်သတ်မှုများ ရှိနေသည်ဟု ကလော့စ် က ဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# နီပေါတွင် လက်ဖက်နှင့် ကော်ဖီ တင်ပို့မှုတိုးတက်

ခတ္တမန္ဒူ ဩဂုတ် ၂၄

နီပေါနိုင်ငံတွင် ယခင်ဘဏ္ဍာရေးနှစ်က လက်ဖက်နှင့် ကော်ဖီတင်ပို့မှုတိုးတက်လာခဲ့သည်ဟု အမျိုးသားလက်ဖက်နှင့်ကော်ဖီဖွံ့ဖြိုးမှုဘုတ်အဖွဲ့ (အင်န်တီစီဒီဘီ)မှ တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

နီပေါနိုင်ငံတွင် စိုက်ပျိုးရေးကိုအခြေခံကာ စီးပွားရေးတိုးတက်မြင့်တင်နိုင်ရန်အတွက် ငွေရလွယ်သော သီးနှံစိုက်ပျိုးခြင်းကို ပိုမိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်တွင် လက်ဖက်တင်ပို့မှုသည် ၇ ဒသမ ၇၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ကော်ဖီတင်ပို့မှုတွင် ၅၈ ရာခိုင်နှုန်းတိုးတက်လာကြောင်း အင်န်တီစီဒီဘီအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး ကရီရှနာပရာဆာဒ်ဒရာခိုင်က သတင်းထောက်များအား ပြောကြားသည်။ ယခင်ဘဏ္ဍာရေးနှစ် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် လက်ဖက်တင်ပို့မှုအလေးချိန်သည် ကီလို ၁၀ ဒသမ ၆ သန်းနှင့် ကော်ဖီတင်ပို့မှုသည် ၂၀၇ တန်ရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ လေးထပ်အဆောက်အအုံ ပြိုကျရာ နေရာကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား ပြည်ပပို့ကုန်နှင့် ခရီးသွားလုပ်ငန်းများ ထိခိုက်နစ်နာခဲ့ရ

ဒါကာ ဩဂုတ် ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ဩဂုတ် ၁၇ရက်က ဗုံးတသီတတန်း ပေါက်ကွဲမှုကြောင့် ဘင်္ဂလားဒေ့ရှ်၏ ပြည်ပပို့ကုန်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ဆိုးဆိုးရွားရွား ထိခိုက်မှုရှိခဲ့ကြောင်းဖြင့် ပြည်တွင်း စီးပွားရေးဌာနများက ပြောကြားသည်။

ပြည်ပနိုင်ငံသားအများစုကဘင်္ဂလားဒေ့ရှ်သို့ လာမည့်ခရီးစဉ်များကို ဆိုင်းငံ့ထားပြီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အခြေအနေကိုလေ့လာစုံစမ်းနေသည်ဟု နယူးအေ့ဂျ်ဒေသခံသတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

အထူးသဖြင့် အဆင့်မြင့် စီးပွားရေးလုပ်ငန်းရှင် လာရောက် တည်းခိုမှုနှင့် ပြည်ပမှ အဝယ်တော်များ လာရောက်မှုသည် ဗုံးပေါက်ကွဲမှု ဖြစ်ပွားအပြီး မကြုံစဖူး ထူးကဲစွာကျဆင်းခဲ့ကြောင်း ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်သတင်းရပ်ကွက်အား အဆိုပါ သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

**ထိခိုက်နစ်နာ**

ဩဂုတ် ၁၇ ရက်က ဗုံးပေါက်ကွဲမှုကြောင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများတွင် ငါးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိ ထိခိုက်နစ်နာခဲ့သည်ဟု အဆိုပါ ဟိုတယ်မှ တာဝန်ရှိပုဂ္ဂိုလ် ဆစ်ဒီကီအား သတင်းစာက ကိုးကားဖော်ပြသည်။သို့ရာတွင် တနင်္ဂနွေနေ့မှစ၍ အခြေအနေမှာ ပြန်လည်ကောင်းမွန်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဥရောပနှင့်အမေရိကန်ပြည်ထောင်စုမှ အဝယ်တော်များက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နောက်ဆုံး အခြေအနေကိုလေ့လာစုံစမ်းနေကြောင်း ဟာမင်အုပ်စု ဦးဆောင်ညွှန်ကြားရေးမှူး အေကေအဇက်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်သို့ လာရောက်မည့် ခရီးသည်များအတွင်းမှ ဗြိတိသျှနှင့် စကင်နေဗီးယားဒေသမှ နိုင်ငံသားအချို့က ခရီးသွားရန်အတွက် ကြိုတင်စာရင်းပေးမှုများကို ပယ်ဖျက်ခဲ့သည်ဟု ခရီးသွားလာမှုဌာနမှ ဥက္ကဋ္ဌဟက်ဆန်မန်ဆာက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မွမ်ဘိုင်းမြို့တွင် အဆောက်အအုံ ပြိုကျ ၁၁ ဦးသေဆုံး၊အများအပြားဒဏ်ရာရ

နယူးဒေလီ ဩဂုတ် ၂၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အင်္ဂါနေ့နံနက်စောစောပိုင်းက လေးထပ်နေအိမ်အဆောက်အအုံတစ်ခု ပြိုကျရာ လူ ၁၁ ဦးထက်မနည်း သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း အင်ဒို–အာရှသတင်းဌာနက ဖော်ပြသည်။

ယင်းအဆောက်အအုံမှာ သက်တမ်း ၁၂၅ နှစ်ရှိပြီး နံနက် ၁ နာရီခွဲတွင် ပြိုကျခဲ့သည်။ ပြိုကျချိန်၌ အဆောက်အအုံ၏ တိုက်ခန်း ၁၆ ခန်းတွင် နေထိုင်သူအများစုမှာ အိပ်ပျော်နေကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

လူပေါင်း ၅၀ ထက်မနည်းကို ကယ်ဆယ်နိုင်ခဲ့ပြီး အများအပြားမှာ အုတ်ကျိုးအုတ်ပဲ့များအောက်တွင် နစ်မြုပ်လျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# စိတ်ဝင်စားဖွယ်ရာစုံလင် ရန်ကုန်-ပဲခူးခရီးစဉ်

တင်သန်းယု
(မြန်မာ့ခရီးသွား)

မြန်မာနိုင်ငံသည် စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုအမျိုးမျိုးဖြင့် ပြည့်စုံသော ခရီးစဉ်ဒေသများရှိသည့် နိုင်ငံဖြစ်ပါသည်။ မြန်မာ့ခရီးသွား လုပ်ငန်းဌာနသည် နိုင်ငံခြားငွေရရှိသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း သာမက ပြည်တွင်းခရီးသွားများအတွက်ပါ မြန်မာပြည်အနှံ့လွယ်ကူစွာ ခရီးသွားလာနိုင်စေရန်အတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးနေပြီ ဖြစ်သည်။

မြို့တော်ရန်ကုန်မှ ခရီးအကွာအဝေးအနီးဆုံးနှင့် သွားလာလည်ပတ် စရာ လွယ်ကူပေါများသည့် ခရီးစဉ် ဒေသများမှာ ပဲခူးမြို့၊ သန်လျင်မြို့၊ တွံတေးမြို့များအပြင် အပန်းဖြေခရီးစဉ်များအဖြစ် ဧရာဝတီတိုင်းရှိ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့လည်းရှိနေသည်။ ခရီးသွား ဧည့်သည်များ၏ ဆန္ဒအရ အချိန်တိုအတွင်း ဒေသန္တရဗဟုသုတခရီးစဉ်၊ အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လေ့လာရေး ခရီးစဉ်စသည်တို့ကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေသည့် ကုန်းလမ်းခရီးအသုံးပြု၍ သွားလာနိုင်ကြပြီ ဖြစ်ပါသည်။

**ရန်ကုန်မှ နေ့ချင်းပြန်သွားနိုင်သော ခရီးစဉ်များအနက် ပဲခူးမြို့သို့ သွားရောက်လေ့လာ ဗဟုသုတရှာဖွေခြင်းသည် အလွန်တန်ဖိုးရှိလှသည်။ ပဲခူးမြို့သည် ပဲခူးတိုင်း၏မြို့တော်ဖြစ်ပြီး ရန်ကုန်မြို့၏ အရှေ့မြောက် ဘက် မီးရထားလမ်းဖြင့် ၄၇မိုင်၊ ကားလမ်းမိုင် ၅၀ တွင် တည်ရှိပါသည်။ ၎င်းသည် ရှေးဘုရင်များ ထီးနန်းစိုက်ခဲ့ကြသည့် နေပြည်တော်ဟောင်း ဖြစ်ပါသည်။** ရှေးခေတ်တွင် အိန္ဒိယသြရိယကို အစွဲပြု၍ ဥဿာပဲခူးမင်း နေပြည်တော်အဖြစ်လည်းကောင်း၊ ဟံသာဝတီ ဟူ၍လည်းကောင်း အမည်တွင်ခဲ့ပါသည်။ မြန်မာနိုင်ငံသမိုင်းတွင် ဤဟံသာဝတီပဲခူးမြို့ကို နေပြည်တော်ပြု၍ ထင်ရှားသော ဟံသာဝတီခေတ်ကြီး ပေါ်ထွန်းခဲ့ပါ သည်။

နောက်ခံသမိုင်းဖော်ပြချက်တွင် ရှေးစကားစဉ်အရ ဗုဒ္ဓမြတ်စွာဘုရား သည် သထုံပြည်မှတစ်ဆင့် ဤပဲခူးဒေသသို့ ကြွချီလာကြောင်း၊ ထိုစဉ် အခါက ဤနေရာသည် ပင်လယ်ပြင်တွင် ကုန်းကမူကလေး ပေါ်ထွန်းစ သာဖြစ်ကြောင်း၊ ဤကုန်းကမူပေါ်တွင် ဟင်္သာဖို၊ ဟင်္သာမတို့ တစ်ကောင် ပေါ် တစ်ကောင်ဆင့်၍ နားနေသည်ကို မြတ်စွာဘုရားရှင် မြင်တော်မူ သဖြင့် **“ဤဒေသသည် နောင်အခါတွင် ဟံသာဝတီ မည်သော ပြည်ကြီးဖြစ်လိမ့်မည်”**ဟု ဗျာဒိတ်တော်ထားခဲ့ကြောင်း အဆိုရှိပါသည်။ ဟင်္သာဖို၏ကျောပေါ်တွင် ဟင်္သာမနားနေဟန် ဟင်္သာဖိုမရုပ်သည် ယခု အခါတွင် ပဲခူးမြို့၏ အမှတ်အသားဖြစ်နေပါသည်။

ပဲခူးမြို့တွင် ထူးခြားထင်ရှားသော ဘုရားစေတီများနှင့် စိတ်ဝင် စားဖွယ်၊ သိမှတ်ဖွယ်ရာများ တည်ရှိနေသည့်အပြင် ရန်ကုန်-ပဲခူး ကားလမ်းတစ်လျှောက်တွင် လှပသည့် ကျေးလက်ရှုခင်း၊ လယ်ယာ လုပ်ငန်းခွင် ရှုခင်း၊ စိုက်ခင်းပျိုးခင်းများ ရှိနေခြင်းကြောင့် ပဲခူးသည် ခရီးစဉ်ဒေသတစ်ခုအဖြစ် တိုးတက်ဖွံ့ဖြိုးလျက်ရှိပါသည်။

ထောက်ကြန့်နေသဟာယ စစ်သင်္ချိုင်းသည် ပဲခူးသို့သွားရာ ကားလမ်း ဘေးရှိ ရန်ကုန်မှ ၂၁ မိုင်အကွာအဝေး မြောက်ဘက် ထောက်ကြန့်ရပ်ကွက် တွင်ရှိသည်။ ဒုတိယကမ္ဘာစစ်ကာလ ကျဆုံးခဲ့သော မဟာမိတ်တပ်သား ၂၇၀၀၀ တို့၏ ထာဝရနားခိုရာအရပ်ဖြစ်သည်။ သန့်ပြန့်သာယာလှပစွာ ပြုပြင်ထားသော နေရာဖြစ်သည်။

ကျိုက်ပွန် လေးမျက်နှာဘုရားသည် ရန်ကုန်မှ ပဲခူးသို့သွားသော အဝေးပြေး လမ်းမကြီးဘေး ပဲခူးမြို့မှ တောင်ဘက် သုံးမိုင်အကွာတွင် တည်ရှိပြီး ဓမ္မစေတီမင်းက အေဒီ-၁၄၇၆ တွင် တည်ထားခဲ့သော ကောင်းမှုတော် ဖြစ်ပါသည်။ ကျိုက်ပွန်ဟူသည်မှာ မွန်စကားအရ ဘုရားလေးဆူ သို့မဟုတ် လေးမျက်နှာဘုရားဟု အဓိပ္ပာယ်ရပါသည်။ အရပ်လေးမျက်နှာသို့ ဦးတည်ကာ ကျောချင်းကပ် ဗျာန်သမာပတ် ဝင်စားနေတော်မူသော ရုပ်ပွားတော်ကြီးလေးဆူဖြစ်ပြီး ဥဏ်တော်မှာ ပေ ၅၀ ခန့်မြင့်ပါသည်။ တောတောင်ထဲတွင် သဘာဝတည်ရှိနေသော ကျိုက်ပွန်ဘုရားကြီးမှာ အလွန်သပ္ပာယ်သောကြောင့် ဖူးမြော်သူတိုင်း အလွန်ကြည်နူးကြရသည်။ အနီးရှိ တောရကျောင်းသို့လည်း ဝင်ရောက်၍ ဘုန်းတော်ကြီးများကို အလှူဒါနဝတ်ပြုနိုင်ကြပါသည်။ နှစ်စဉ် ကဆုန် လပြည့်နေ့၌ ဘုရားပွဲရှိပါသည်။

ရွှေမော်ဓောဘုရားမှာ ပဲခူးမြို့၏ အရှေ့ပိုင်းတွင် တည်ရှိပြီး မြန်မာနိုင်ငံသမိုင်းတွင် အရေးပါသည့် ဆုတောင်းပြည့်စေတီဟု သိမှတ် ယုံကြည်ထားကြပါသည်။ မြန်မာဘုရင် တပင်ရွှေထီးသည် ထိုဘုရားကြီး တွင် နားထွင်းမင်္ဂလာပြုခဲ့သည်။ ရှေးစကားစဉ်အရ စေတီတွင် ဗုဒ္ဓမြတ်စွာ ဘုရား၏ ဆံတော်နှစ်ဆူကို မွန်ကုန်သည်ညီနောင်နှစ်ဦးက ဌာပနာ၍ တည်ထားခဲ့ကြောင်း၊ မွန်ဘုရင် သမလ၊ ဝိမလတို့လက်ထက် အေဒီ-၈၄၀ တွင် စေတီ၏ ဥဏ်တော်ကို မြှင့်တင်ခဲ့ကြကြောင်း အဆိုရှိပါသည်။ အေဒီ-၁၇၉၆ တွင် ကုန်းဘောင်ဘုရင် ဘကြီးတော်မင်းသည် စေတီကို ဥဏ်တော် ၂၉၇ ပေ အမြင့်သို့ မြှင့်တင်ခဲ့ပါသည်။ စေတီမှာ ငလျင်ဒဏ်ကို ကြိမ်ဖန်များစွာ ခံစားရသော်လည်း ရှေးဘုရင်အဆက်ဆက်တို့က ပြင်ဆင် ထားခဲ့ကြပါသည်။ ၁၉၁၂ ခုနှစ်၊ ၁၉၁၃ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တို့တွင် ငလျင်ဒဏ်ခံရ ပြန်ပြီး ၁၉၅၄ ခုနှစ်တွင် တစ်ဖန် ပြန်လည်တည်ထား ခဲ့ပါသည်။ ဥဏ်တော် ၃၇၅ ပေရှိပြီး စေတီရံ ၁၂၁ ဆူရှိပါသည်။

ပဲခူးမြို့ရှိ ရွှေသာလျောင်းဘုရားသည် မြန်မာနိုင်ငံရှိ လျောင်း တော်မူရုပ်ပွားတော်များအနက် အချိုးအစားကျနပြေပြစ်မှု အရှိဆုံး ရုပ်ပွား တော်ဟု အသိအမှတ်ပြုထားကြပါသည်။ ထိုရုပ်ပွားတော်မှာ ပြုပြင် ထိန်းသိမ်းသူမဲ့လျက် ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ကာ ရှိနေခဲ့ပါ သည်။ ဗြိတိသျှလက်ထက် ၁၈၈၀ပြည့်နှစ်တွင် ပဲခူးသို့ ရထားလမ်းဖောက် လုပ်ရာ၌ လိုအပ်သောအုတ်များ ပေးသွင်းရန် နိုင်ငံခြားသား ကန်ထရိုက် တာတစ်ဦးက ဤရွှေသာလျောင်းရှိရာ တောင်ကုန်းကို တူးဖော်မိရာမှ ရုပ်ပွားတော်ကြီးကို ပြန်လည်တွေ့ရှိကြပြီး ပြုပြင်မွမ်းမံခဲ့ကြပါသည်။ ၁၉၀၆ ခုနှစ်တွင် ယနေ့မြင်တွေ့ရသော သံတန်ဆောင်းကြီးကို ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ပါသည်။ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ ကလည်း ပြုပြင်မွမ်းမံသည့် လုပ်ငန်းများအတွက် ပါဝင်လှူဒါန်းခဲ့ကြပါ သည်။ ရုပ်ပွားတော်ကြီးမှာ အလျားပေ ၁၈၀ရှိပြီး အမြင့် ၅၂ ပေရှိပါ သည်။

ဟင်္သာကုန်းမြေသည် ရွှေမော်ဓောစေတီ၏ အရှေ့ဘက်အရပ်တွင် တည်ရှိပြီး ဘုရားမှ လမ်းလျှောက်သွားပါက မွန်ဘုန်းတော်ကြီး ကျောင်းနှင့် ရှေးဘုရင်တို့ စိုးစံခဲ့ရာ မြို့ကျုံးများကို လမ်းတစ်လျှောက် ဝဲယာတွင် တွေ့ရှိနိုင်သည်။ ဗုဒ္ဓမြတ်စွာဘုရားသက်ရှိထင်ရှားရှိစဉ်က ထိုဒေသသို့ ကြွရောက်စဉ် ဟင်္သာဖိုမ တစ်ကောင်ပေါ် တစ်ကောင်ဆင့်၍ နားနေကြသည့် ကုန်းကမူကိုအကြောင်းပြု၍ ဟင်္သာကုန်းဟု ခေါ်ဝေါ်ကြောင်း အဆိုရှိပါ သည်။ ယင်းဟင်္သာကုန်းပေါ်တွင် မန္တလေးတောင် ရသေ့ကြီးဦးခန္တီ တည်ထားခဲ့သော သုဝဏ္ဏဟံသာစေတီနှင့် ဟင်္သာဖိုမရုပ်တု ရှိပါ သည်။

မဟာစေတီဘုရားသည် ရွှေသာလျောင်းဘုရား၏ အနောက်ဘက် တွင်တည်ရှိ၍ ဥဏ်တော် ၃၃၃ ပေရှိပြီး အေဒီ-၁၅၆၀ တွင်တည် ဆောက်ခဲ့သော ဘုရင့်နောင်၏ကုသိုလ်တော်ဖြစ်ပါသည်။သီဟိုဠ်ကျွန်း မဟာစေတီယျစေတီပုံ သဏ္ဍာန်ကို ပုံစံယူ၍ တည်ခဲ့ကြောင်းသိရပါသည်။ ပဲခူးငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရ၍ နှောင်းလူတို့က ပြန်လည် ပြုပြင် ထားခဲ့သည်။

ရှင်ပင်သာလျောင်းဘုရားဟုလည်းခေါ်သော စိန်သာလျောင်းဘုရားမှာ ဘုရင် မင်္ဂါဒီပနှင့် ဘုရင်မင်းစောနစ်တို့၏ ကုသိုလ်ဟုယူဆကြသည်။ လျောင်းတော်မူဘုရားကြီးဖြစ်သည်။ ရွှေသာလျောင်းဘုရားကဲ့သို့ပင် တန်ဆောင်းနှင့် ကာရံမိုးထားသည်။

ကမ္ဘောဇသာဒီ နန်းတော်ကုန်းသည် ကြီးမားခမ်းနားသဖြင့် ဝင်ရောက်ကြည့်ရှုလေ့လာရန် လိုအပ်ပါသည်။ မြန်မာဘုရင် ဘုရင့်နောင်၏ ကိုယ်ပိုင်နန်းတော်ကြီးဖြစ်၍ သားတော်နန္ဒဘုရင်လက်ထက် ခရစ်နှစ် ၁၅၉၉ တွင် ရန်သူတို့ တိုက်ခိုက်မှုကြောင့် ပဲခူးကျဆုံးခဲ့ပြီးနောက် မီးရှို့ ဖျက်ဆီးခံခဲ့ရသည်။ ရာစုနှစ်ပေါင်းများစွာ မြေအောက်တွင် တောင်ကုန်း၊ တောင်ကမူ၊ ချုံနွယ်ပိတ်ပေါင်း ဖုံးလွှမ်းလျက်ရှိနေခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် ရှေးဟောင်း သုတေသနဦးစီးဌာနက ထိုနန်းတော် ရာကုန်းကို စတင်တူးဖော်ခဲ့ကြ ပါသည်။ မြန်မာဘုရင်များစိုးစံခဲ့ကြသော ရှေးဟောင်းနန်းတော်ရာ အများအပြားကို တူးဖော်ကြရာတွင် ပဲခူးရှိ ကမ္ဘောဇသာဒီနန်းတော်ကြီး တူးဖော်မှုမှာ မြန်မာ့သမိုင်းကဏ္ဍအတွက် အဖိုးမဖြတ်နိုင်သော လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။

ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သောအခါ ရန်ကုန်မြို့မှ နေ့ချင်းပြန်ရသော ပဲခူးမြို့ကို ၎င်းတို့ ခရီးစဉ်ထဲတွင် ထည့်သွင်းရေးဆွဲလေ့ရှိကြသည်။ အထူးသဖြင့် ထိုင်းခရီး သွားများမှာ ဟံသာဝတီပဲခူးမြို့ကို အထူးစိတ်ဝင်စားကြသဖြင့် သွားရောက် လေ့လာလေ့ရှိကြသည်။

> **ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော အခါ ရန်ကုန်မြို့မှ နေ့ချင်းပြန်ရသော ပဲခူးမြို့ကို ၎င်းတို့ခရီးစဉ်ထဲတွင် ထည့်သွင်းရေးဆွဲလေ့ ရှိကြသည်။ အထူးသဖြင့် ထိုင်းခရီးသွားများမှာ ဟံသာဝတီပဲခူးမြို့ကို အထူးစိတ်ဝင်စားကြသဖြင့် သွားရောက်လေ့လာလေ့ ရှိကြသည်။**

ဟံသာဝတီ ရှေးဟောင်းသုတေသနပြတိုက်သည် ကမ္ဘောဇသာဒီ နန်းတော်ရာကုန်းအတွင်းတွင် တည်ရှိပါသည်။ နန်းတော်ရာပစ္စည်း များသာမက ထိုခေတ် ဟံသာဝတီကောင်းစားစဉ်အခါက ကူးလူး ဆက်ဆံခဲ့ကြသော အခြားတိုင်းနိုင်ငံ၊ မြို့များ၏ ယဉ်ကျေးမှုအမွေ၊ သက်သေများ၊ စဥ့်ချပ်အမိုးများ၊ မုတ္တမစဥ့်အိုးကြီးများ၊ သဲကျောက် ဗုဒ္ဓဆင်းတုများ၊ ကြေးထည်ပစ္စည်းများ၊ သံမယ်နများ၊ လက်နက် အမျိုးမျိုး၊ မြေနန်းပြာသာဒ်မှ စာပါကျွန်းတိုင်၊ နန်းတော်ပုံ ပန်းချီကား၊ မြေပုံများနှင့်ပုံစံငယ်များကိုပါ ပြသထားသောကြောင့် အလွန်စိတ်ဝင်စား ဖွယ်ရာ ကောင်းလှပါသည်။

ပဲခူးတိုင်းသည် ရှေးယခင်အခါက ပဲခူးဆား ထွက်ရာဒေသ အဖြစ် ကျော်ကြားခဲ့သလို ရွှေဝါထွန်း ဆန်စပါးထွက်ရာ ဒေသ အဖြစ်လည်း ကျော်ကြားခဲ့သည်။ ယခုအခါ အထူးခရီးစဉ်အဖြစ် ရန်ကုန်-ပဲခူး-ရန်ကုန် တစ်ညအိပ်နှစ်ရက် ခရီးစဉ်သစ် တစ်ရပ်ကိုပါ မြန်မာ့ ခရီးသွားလုပ်ငန်းဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ ခရီးစဉ်မှာ ရက်တို အားလပ်ရက်များတွင် ရန်ကုန်မြို့မှ တစ်ဦးချင်း ဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ သွားရောက် နိုင်သည်။ အမျိုးသားများသည် ပဲခူးမြို့၌ ဂေါက်သီးရိုက်ကစားနေချိန် တွင် မိသားစုများက ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်၍ မိုးယွန်းကြီးအင်းတွင်လည်း ငှက်မျိုးစုံကို ကြည့်ရှုလေ့လာနိုင်ကြပါသည်။ ညပိုင်းတွင် ရွှေဝါထွန်း ဟိုတယ်၌ အပန်းဖြေအနားယူရင်း ဖျော်ဖြေမှုများ ကို ကြည့်ရှုခံစားနိုင်သည်။ ရန်ကုန်-ပဲခူးခရီးစဉ်ကို မြန်မာ့ခရီးသွားလုပ်ငန်း ဌာနက ပုံမှန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။

## ကိုယ်ဝန်ဆောင်ကျန်းမာရေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့မှ ကြီးမှူးကျင်းပသော ကိုယ်ဝန်ဆောင်နှင့် မွေးပြီးမိခင်များ သားပျက် သားလျှောအန္တရာယ်များ ဆွေးနွေးပွဲကို ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဩဂုတ် ၉ ရက်ကကျင်းပရာ အခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်များ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**

(မြို့နယ်မိခင်/ကလေး)



# အသင်းကြီး၏ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းနှင့်အတူ နိုင်ငံတော်၏ ပြန်ကြားရေးမဏ္ဍိုင်ကို အထောက်အကူပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော

# အခြေခံ သတင်းစာပညာသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲကျင်းပ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ အသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဒေသရေးရာ ညှိနှိုင်းရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးသည် မိမိတို့၏ အမျိုးသားရေးပန်းတိုင်ဖြစ်ကြောင်း၊ ၎င်းအမျိုးသားရေးပန်းတိုင်ကို ရောက်ရန် အမျိုးသားရေးတာဝန်ကို ဆောင်ရွက်ကြမည့် အမျိုးသားရေး အင်အားစုကြီးတစ်ရပ် ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်အတွက် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် အမျိုးသားရေးအင်အားစုကြီးဖြစ်ကြောင်း၊ မွန်မြတ်မှန်ကန်လှသည့် ရည်ရွယ်ချက် (၅)ရပ်၊ အခြေခံမူ (၅) ရပ်၊ ကတိသစ္စာ (၄) ချက်၊ ကျင့်ဝတ် (၁၁)ပါးနှင့် တာဝန်ဝတ္တရား (၁၄) ချက်ကို ပြဋ္ဌာန်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။



## သန္နိဋ္ဌာန်ချဆောင်ရွက်

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို မွန်မြတ်မှန်ကန်သည့် အမျိုးသားရေးတာဝန်ကို ထိရောက်စွာ အကောင်အထည်ဖော်စေရန်အတွက် ကြီးမားသည့် ရည်မှန်းချက်များထားရှိပြီး၊ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အားလုံး အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို ရအောင်၊ ရောက်အောင် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသင်းကြီး စတင်ဖွဲ့စည်းစဉ်ကစပြီး စီမံရေး၊ စည်းရုံးရေး၊ လေ့ကျင့်ရေးကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ခဲ့၍ အသင်းကြီး၏ မှန်ကန်မွန်မြတ်သည့် ရပ်တည်ချက်၊ ရည်ရွယ်ချက် လုပ်ငန်းစဉ်များသည် လူငယ်ထုအတွင်း၊ ပြည်သူအတွင်း ပိုမိုစိမ့်ဝင်ပျံ့နှံ့ပြီး ယုံကြည်သက်ဝင် လေးစားလိုက်နာ ပူးပေါင်းဆောင်ရွက်လာကြ၍ လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက အသင်းဝင်အင်အား တိုးတက်များပြားလာကြောင်း။

## လေ့ကျင့်ပျိုးထောင်နေ

အသင်းဝင်များ အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝအောင် ဗဟိုနှင့် အသင်းအဆင့်ဆင့်က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပေးပြီး ခံယူချက်၊ ယုံကြည်ချက်၊ သဘောတရား၊ အတွေးအခေါ်၊ အယူအဆ၊ လုပ်နည်းကိုင်နည်းများ တိုးတက်မြင့်မားလာအောင် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း၊ ရရှိလာသည့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး လက်တွေ့လုပ်ငန်းတာဝန်များ ပေးအပ်ဆောင်ရွက်စေကြောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းများ ထက်မြက်ရေးအတွက် လေ့ကျင့်ပျိုးထောင်နေခြင်းဖြစ်ကြောင်း၊ အခြေခံသတင်းစာပညာ သင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် တစ်ခုဖြစ်ကြောင်း။

ယခုသင်တန်းတွင် မီဒီယာလုပ်ငန်းစိတ်ဝင်စားပြီး အလားအလာရှိသည့် အသင်းဝင် လူငယ်များကို သတင်းစာပညာနဲ့အတူ အတွေးအခေါ် အယူအဆ စိတ်ဓာတ်ခိုင်မာလာစေရန်အတွက် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ထက်မြက်ရှင်သန်ရေး၊ အသင်းကြီး၏ လုပ်ငန်းစဉ်များကို မမိုတ်မသုန်ခံယူပြီး ပြတ်ပြတ်သားသား စွန့်လွှတ်စွန့်စား အကောင်အထည်ဖော်ရေးနှင့် ပြည်သူတို့၏ သဘောထားအမှန်၊ ပြည်သူတို့၏ အသံကို အလေးထားပြီး လူထုလူတန်းစားအလွှာ နယ်ပယ်လိုက် စည်းရုံးဆောက်ရွက်သွားရေး၊ ဆန့်ကျင်ဘက်အဖျက်သမားများ၏ ဝါဒရေးရာ၊ အယူအဆရေးရာ ထိုးနှက်ချက်များကို ပြတ်ပြတ်သားသား ပယ်ချချေဖျက်ရန်လိုကြောင်း၊ သတင်းဆိုင်ရာအနေဖြင့် သတင်းအင်္ဂါရပ်၊ သတင်းပုံစံအမျိုးမျိုး၊ သတင်းဖွင့်ခြေဆင်း၊ သတင်းအရေးပါမှုနှင့် သတင်းအစီရင်ခံရေး၊ သတင်းအသုံးပြုရေး၊ သတင်းလုံခြုံရေးများ ပို့ချဆွေးနွေးခဲ့ကြောင်း၊ ပြည်သူ့သဘောထားအမှန်သိရှိရေး၊ ဝါဒဖြန့်ချိရေး နည်းနိဿယ၊ ကောလာဟလ ချေဖျက်ခြင်းများကို ပို့ချခဲ့ကြောင်း၊ ဗီဒီယိုကင်မရာ၊ Still ကင်မရာရိုက်ကူးခြင်း၊ လေ့လာရေးခရီးစဉ်နှင့် လေ့လာရေးဆောင်းပါး ရေးသားခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းက အတွေ့အကြုံ၊ အသိအမြင်များကို ဘဝအတွေ့အကြုံနှင့် ထင်ဟပ်ပြီး၊ ပိုမိုတိုးတက်အောင် ဆက်လက်ဆည်းပူး လေ့လာသွားကြပါ၊ မိမိတို့ကဲ့သို့ အသင်းဝင်များ၊ ပြည်သူများသိအောင်၊ မြင်အောင်၊ လေ့လာသိစွမ်းအားရှိအောင်၊ ရှင်းလင်းစည်းရုံးနိုင်စွမ်းရှိအောင် ဆောင်ရွက်ကြပါ၊ အသင်းကြီး၏ ပြန်ကြားရေးမှူးကောင်း၊ စည်းရုံးရေးမှူးကောင်း၊ တည်ဆောက်ရေးမှူးကောင်းများအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာ ပညာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသား ပထမဆုရ ဇော်ဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာဌေးဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## တက်ကြွစွာပါဝင်

ဒို့တာဝန်အရေး (၃) ပါးကို ခံယူ၊ ဦးတည်ချက် (၁၂) ရပ်နှင့်အညီ အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး ခိုင်မာတောင့်တင်းမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ပညာရည်မြင့်မားမှု အခြေခံကောင်းများကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပုံဖော်တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် အသင်းကြီးအနေနှင့် ပြည်သူလူထုနှင့် လက်တွဲပြီး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် အသင်းကြီးနှင့် ပြည်သူများသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံ၊ နေ့မအားညမနား၊ မနားမနေ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ သို့သော်လည်း ပြည်တွင်း ပြည်ပ အဖျက်သမားများ၊ ပြည်ပမီဒီယာများက မဟုတ်မမှန် ဝေဖန်ပြောဆို ရေးသားထုတ်လွှင့်နေသည်ကို တွေ့နေမြင်နေရကြောင်း၊ ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး၊ ကိုလိုနီနယ်ချဲ့လက်သစ်များက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု မျက်နှာစာများက စိမ့်ဝင်ထိုးဖောက်နေကြောင်း၊ သတင်းနှင့်ပြန်ကြားရေး မီဒီယာများကို အသုံးပြုပြီး၊ လွှမ်းမိုးခြယ်လှယ်မှုများ လုပ်ဆောင်နေကြောင်း၊ ပြည်တွင်းပြည်ပက မမှန်သည့် မီဒီယာများကို ချေဖျက်ရင်း ကာကွယ်သွားရန် အသင်းကြီး၏ သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းနှင့်အတူ နိုင်ငံတော်၏ ပြန်ကြားရေးမဏ္ဍိုင်ကို အထောက်အကူပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဟုတ်မမှန်သည့် လုပ်ကြံသတင်းလွှင့်ချက်များကြောင့် ပြည်သူအချို့သည် အမှန်နှင့်အမှား မခွဲခြားနိုင်ဘဲ သံသယဝင်သွားနိုင်၍

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●**

✧ **ရှေ့ဖုံးမှ**

မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တန့်ယန်းမြို့အထွက် တန့်ယန်း–လားရှိုး ကားလမ်းဘေးရှိ တန့်ယန်းတပ်နယ် တပ်ရင်း၊တပ်ဖွဲ့များ၏ ကုန်းမြင့်လယ်ယာမြေဧက ၅၀၀ ဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တန့်ယန်းတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မြင့်က ကုန်းမြင့်လယ်ယာမြေဧက ၅၀၀ ဖော်ထုတ်ရေးစီမံကိန်းအတွင်း တန့်ယန်းတပ်နယ်မှ တပ်ရင်း၊တပ်ဖွဲ့များအား ပြောင်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ နေကြာ၊ နှမ်း၊အုန်းဆန်ဆိမ့်နှင့် နှစ်ရှည်ပင်များစိုက်ပျိုးရန် သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကြားသီးနှံများပါ စိုက်ပျိုးစေခဲ့သည့်အတွက် တပ်ရင်း၊တပ်ဖွဲ့များသို့ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အထွက်နှုန်းအနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော စီမံကိန်းသီးနှံများ၏ သတ်မှတ်စံချိန်အတိုင်း ပြည့်မီရန်လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးမှု အခြေအနေကိုဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားပြီး အမျိုးတူသီးနှံများစိုက်ပျိုးရာတွင် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရေးနှင့် ပြည်တွင်းနှင့်ဒေသခံ တောင်သူဦးကြီးများ၏ အထွက်နှုန်းများကို စံနမူနာပြုနိုင်းယှဉ်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးမှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည်ကုန်းမြင့်လယ်ယာဧက ၅၀၀ စီမံကိန်းမျိုးနမူနာများနှင့် အောင်မြင်ဖြစ်ထွန်းနေသော သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် တန့်ယန်းမြို့နယ် မန်ကတ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မန်ကတ်တပ်နယ်သို့ရောက်ရှိပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တန့်ယန်း–လားရှိုး ကားလမ်းဘေးရှိ တန့်ယန်းမြို့နယ်၏ မိုးစပါးစံပြ ၁၀ ဧကစိုက်ခင်းသို့ ရောက်ရှိပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးတာဝန်ခံများအားတွေ့ဆုံ၍ ရေမြေသယံဇာတ ကောင်းမွန်သောဒေသဖြစ်၍ အထွက်နှုန်းကောင်းမွန်ပြီး ဒေသခံတောင်သူများအတွက် စံနမူနာစံပြ စိုက်ခင်းများဖြစ်စေရန် ဆောင်ရွက်သွားရေး မှာကြားသည်။

## တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် မိုင်းရယ်မြို့သို့ ရောက်ရှိပြီး မိုင်းရယ်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မိုင်းရယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က မိုင်းရယ်မြို့နယ်၏ ပညာရေး၊ကျန်းမာရေး၊လူမှုရေး အခြေအနေများနှင့် မြို့နယ်အတွင်း လယ်စပါး၊မိုးစပါး၊ တောင်ယာစပါး ၄၀၉၂၉ ဧကနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ဦးတည်ချက် (၁၂)ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် တက်ညီလက်ညီ တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

## ကြိုးကြပ်လမ်းညွှန်မှုခံယူ

နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝအခြေခံလိုအပ်ချက်များ အချိန်တိုအတွင်း ပြည့်ပြည့်ဝဝဖြစ်ထွန်းခံစား ရရှိစေရန်အတွက် သက်ဆိုင်ရာ အထက်အဖွဲ့အစည်း အဆင့်ဆင့်၏ ကြိုးကြပ်လမ်းညွှန်မှုကို ခံယူကာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုအားများဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားဝတ်နေရေးဖူလုံရေးအတွက်သာမက အမျိုးသား စီးပွားရေးဘဝတောင့်တင်း ခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း။

မိုင်းရယ်မြို့နယ်အနေဖြင့် မိုးစပါး စိုက်ပျိုးမှုနှင့် အခြားသီးနှံဖြစ်ထွန်းမှု အခြေအနေတို့မှာ ဒေသဝမ်းစာ ဖူလုံမှုတွင် တစ်ဖက်တစ်လမ်းမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက် အထိုက်အလျောက် ဖြည့်တင်းဆောင်ရွက်ပေး နိုင်သဖြင့် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

ဝန်ထမ်းများကို အထူးမှာကြားလိုသည်မှာ မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဝတ်ကျေတန်းကျေမျှသာ လုပ်ဆောင်နေခြင်းမျိုးမဟုတ်ဘဲ မိမိတာဝန်ကျရာ ဒေသအား မိမိ၏ဇာတိသဖွယ် မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စံနမူနာပြ လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုကြောင်း။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုကဲ့သို့ ဆောင်ရွက်ရာတွင်လည်း အောက်ခြေကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း အကျယ်တဝင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ လားရှိုးခရိုင် မိုင်းရယ်မြို့နယ် လားရှိုး–မိုင်းရယ်–တန့်ယန်းကားလမ်း နားခေါ် ကျေးရွာအနီးရှိ မိုင်တိုင်(၂၆/၂)မှ လေးမိုင်အကွာ၌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှထပ်မံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကုန်းမြင့်လယ်ယာ မြေဧက ၇၀၀ ဖော်ထုတ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က နားခေါ်ကုန်းမြင့်လယ်ယာမြေဧက ၇၀၀ စီမံကိန်းတို ဒေသဝမ်းစာ ဖူလုံရေးကို အထောက်အကူပြုရန်အတွက် ပံ့ပိုးဆောင်ရွက်ပေးနေကြောင်းတင်ပြပြီး နားခေါ်ကုန်းမြင့်လယ်ယာဖော်ထုတ်မှုအဆင့်ဆင့်ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တန့်ယန်းတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မြင့်က အဆိုပါနားခေါ် ကုန်းမြင့်လယ်ယာမြေဧက ၇၀၀ ဖော်ထုတ်ရေးစီမံကိန်းကို ၂၀၀၄ ခုနှစ်နိုဝင်ဘာလတွင် စတင်၍ ဖော်ထုတ်ခဲ့မှု၊ ယခုအခါ ဖော်ထုတ်ပြီးလယ်မြေဧက ၂၀၀ ၌ ဆင်းရွှေလီအထွက်တိုးစပါးများ စိုက်ပျိုးထားရှိမှုနှင့် ကျန်ရှိသည့်ဧက ၅၀၀ကို

ဆက်လက်ဖော်ထုတ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အဆိုပါ ကုန်းမြင့်လယ်ယာမြေစီမံကိန်းအတွက် စက်ယာဉ်ယန္တရားများ ပေးပို့မှု၊ နမ့်ဟူးမွန်ချောင်းမှ ရေအား စုစုပေါင်း အရှည်ပေ ၁၀၆၀၀ရှိ ရေသွယ်တူးမြောင်းလေးခု တည်ဆောက်၍ ရေပေးပို့မှုကိုလည်းကောင်း၊ စက်မှုလယ်ယာ ဦးစီးဌာန ကုန်းမြင့်လယ်ယာမြေစီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပီစီ၁၂၀ မြေတူးစက်၊ ဒီ ၆၅အေ မြေထိုးစက်နှင့် ဂျွန်ဒီးယားထွန်စက်များဖြင့် အပေါ်ယံမြေဆီမြေနှစ်များ (Top Soil) မပျက်စေရန် ဆောင်ရွက်နေမှုနှင့် နွေစပါးရေရရှိရန် ချောင်းပိတ်၊ မြောင်းပိတ်တမံများ တည်ဆောက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်း တင်ပြသည်။

## ဖြည့်ဆည်းစီမံပေး

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ချောင်းပိတ်၊ မြောင်းပိတ်ရေလှောင်တမံများ တည်ဆောက်ပြီးစီးပါက စီမံကိန်းတစ်ခုလုံးနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ကြရန်နှင့် စီမံကိန်းမှ ဖော်ထုတ်ပြီး လယ်ယာမြေများကို ဒေသရှိ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်နေကြသူများအား ရှာဖွေဖော်ထုတ်ကာ အတည်တကျ လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ကုန်းမြင့်လယ်ယာမြေမှ ထွက်ရှိလာသော သီးနှံများကိုလည်း နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်ဧကအထွက်နှုန်း စံချိန်များအတိုင်း ပြည့်မီထွက်ရှိစေရန် ဆောင်ရွက်ကြပြီး ထွက်ရှိမှုအတိုင်းအတာကို ရာသီအလိုက် မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ သုတေသနပြု မှတ်တမ်းတင်ထားကြရန် လိုအပ်ကြောင်းနှင့် မြေဆီလွှာပြန်လည် ဖြည့်တင်းရေးအတွက် ဓာတ်မြေသြဇာများကို အချိုးညီစွာ ပေါင်းစပ်သွားကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နားခေါ်ကုန်းမြင့် လယ်ယာမြေဧက ၇၀၀ဖော်ထုတ်ရေး စီမံကိန်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ဆင်းရွှေလီ အထွက်တိုးမိုးစပါးများကို ကြည့်ရှုကြသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်ရယ်မြို့နယ် နားခေါ်ကုန်းမြင့် လယ်ယာမြေဧက ၇၀၀ ဖော်ထုတ်ရေးစီမံကိန်းမှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

## ပေးအပ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တန့်ယန်းမြို့နယ် မန်ကတ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်စဉ်။**

(သတင်းစဉ်)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)ထုတ်ဝေ

**ရန်ကုန် ဩဂုတ် ၂၅**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၈)ကိုယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**



အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊တက္ကသိုလ်မြတ်သူ၊ရင်ခုန်သံမောင်အေးထွန်း၊ အေးယုနိုင်၊ကျော်ဇင်ညွန့် (တရားရုံးချုပ် ရှေ့နေ)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ ဇေယျာသန်းလွင်၊ ညွန့်ဟံ(ကြူတော)၊ နှင်းဆီနီနီ၊ ခြိမ့်နိုင်၊ ဇင်ကြည်မေ၊ တင်မိုးမိုး(ရန်ကင်း လေ့ကျင့်ရေး)၊ မကွေးလှမြင့်၊ မွေးမြူယောကျ်ား၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ခေတ္တရာဆရာကျော်၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ မင်းသူ့ကျော်၊ သက်သက်သင်း(ပညာရေး)၊ အေးဝေ(သရက်)၊ မောင်ယင်းမာ(ရိုးပြတ်တော)တို့၏ သုတ၊ ရသဆောင်းပါးများ၊ သျှတတ(ပြည်)၏ဝတ္ထုတို၊ တက္ကသိုလ်ကိုလတ်၊ သတိုးနွယ်တို့၏ ကဗျာများ၊ ရုပ်ရှင်၊ ဗွီဒီယိုအညွှန်း၊ ကာတွန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ်၊ ၁၄၄ လမ်းနေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးတင်ရွှေ–ဒေါ်သိင်္ဂီစံ၊ သား–ထွန်းလင်းအောင်၊ ဘုန်းပြည့်တင်လင်းမိသားစုကအလှူငွေကျပ် ၁၁၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာဦးအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## သံဖြူဇရပ်မြို့နယ် အခြေခံပညာ အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**ရန်ကုန် ဩဂုတ် ၂၅**

သံဖြူဇရပ်မြို့နယ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အခြေခံပညာအဆင့်)ဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက်က သံဖြူဇရပ်မြို့ အထက (၁) ပညာဗိမာန်ခန်းမတွင် ကျင်းပသည်။

### ကျင်းပ

အခမ်းအနားကို မြို့နယ် ပညာရေးမှူး ဦးခင်မောင်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။ **(ယာပုံ)**

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးခင်မောင်ဦး၊ အထက(၁) ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမူ၊ ကျုံကဒတ် အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များအား ဆုများ ချီးမြှင့်ကြသည်။ (ပြန်/ဆက်)

❋ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာကေများ သတ်မှတ်ပေးရာတွင် ဘားအံ–လှိုင်းဘွဲ၊ ဘားအံ–ဂျိုင်းနှင့် ဘားအံမြို့ အဝင်အထွက်လမ်းများ ဝဲ၊ ယာတို့၌ နေရာရနိုင်သမျှ သတ်မှတ်ချထားပေးရေး၊ မြေနေရာချထားပေးရာတွင် အမျိုးသားကုန်ထုတ်လုပ်မှု အကျိုးဖြစ်ထွန်းရေးအတွက် အမှန်တကယ် လုပ်ကိုင်မည့်သူများကို မြေယာချပေးရေးတို့ကို အသေးစိတ်မှာကြားပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်မည့် မြိုင်ကြီးငူအထူးဒေသမှ တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင်များအား ရော်ဘာစိုက်ပျိုးမှုအတွက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မှာကြား**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဝဲကရင်ကျေးရွာအနီးရှိ မြငွေးကြွယ်လင်းကုမ္ပဏီ (မြိုင်ကြီးငူအထူးဒေသ)က ရော်ဘာစိုက်ဧက ၂၀၀ အတွင်း ရော်ဘာသီးညှပ်အဖြစ် မြေပဲ၊ ပြောင်းနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးရေး၊ အကျိုးဖြစ်ထွန်းအောင် စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ဂျိုင်း(ကော့ကရိတ်)တံတားသို့ ရောက်ရှိကြရာ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဂျိုင်း(ကော့ကရိတ်) တံတား၏ ကြံ့ခိုင်မှုအခြေအနေ၊ ဂျိုင်းမြစ်၏ ရေစီးရေလာအခြေအနေနှင့် မြစ်ရေကြီးမြင့်စဉ် တံတားတိုင်များသို့တက်ခဲ့သည့် အမြင့်ဆုံးရေမှတ်တို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေး၍ လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ပျက်စီးမှုမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျုံဒိုး–ကော့ကရိတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး နဘူးလမ်းခွဲမှတစ်ဆင့် နဘူးတိုက်နယ်သို့ ရောက်ရှိကြကာ နယ်မြေခံတပ်ရင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကော့ကရိတ်မြို့နယ် နဘူးတိုက်နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား မြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ပညာရေးဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းအတွင်းရှိ Language Lab၊ Computer Aided Instruction၊ Computer Application စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ အီလက်ထရောနစ်စက်ပစ္စည်းများဖြင့် လက်တွေ့ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် အထူးကြိုးစားသင်ယူကြရေး၊ ဆရာ၊ ဆရာမများကလည်း နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရန် ပြုစုပျိုးထောင် သင်ကြားပေးရေး၊ ရရှိထားသော သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးချ၍ အမှန်တကယ် ထူးချွန်ထက်မြက်အောင် သင်ကြားပို့ချပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ကျောင်းခန်းမ၌ ပညာရေးဝန်ကြီးဌာနက နဘူးတိုက်နယ် အခြေခံပညာ အထက်တန်းကျောင်းအတွက် စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နဘူးတိုက်နယ်၏ ဖွံ့ဖြိုးတိုးတက်လာမှု၊ ကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြီးခဲ့သော ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်းမြင့်မားလာမှုတို့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ဆက်လက်၍ မြင့်မားသည်ထက် မြင့်မားအောင် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများကလည်း ပညာရည်ချွန်၍ အကျင့်စာရိတ္တ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ပညာရေးဝန်ကြီးဌာနမှ နဘူးတိုက်နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်အုန်းကျင်အား ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသားမိဘ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် နဘူးတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး လူနာဆောင်နှင့် သားဖွားဆောင်တို့ကို လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေသော ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဆေးရုံမျက်နှာစာ၌ ကျန်းမာရေးဝန်ကြီးဌာနက နဘူးတိုက်နယ်ဆေးရုံသို့ ပေးအပ်သော ဆေးဝါးပစ္စည်းများကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်က တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ပေးအပ်သည်။

**ပေးအပ်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နဘူးတပ်နယ်ရှိ တပ်ရင်းခန်းမ၌ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မိသားစုဝင်များအတွက် အဝတ်အထည် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်သည်။

**နှုတ်ဆက်အားပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကော့ကရိတ်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကော့ကရိတ်မြို့ ခရိုင်ဆေးရုံကို ခုတင် ၁၀၀ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ဟုမ်းတောက်ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်မိုးကျော်က ဆေးရုံအဆောက်အအုံကို ပင်မဆောင် အလျားပေ ၁၇၀၊ အနံ ၆၈ပေ၊ အမြင့် ၂၈ ပေ ခွဲစိတ်ခန်းနှင့် သားဖွားဆောင်ကို အလျား ၈၈ပေ၊ အနံ ၆၆ပေ၊ သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံအဖြစ် တည်ဆောက်နေမှု၊ လုပ်ငန်းလျာထားမှုနှင့် ပြီးစီးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသ၏ မိုးရွာသွန်းမှုအခြေအနေအရ အမိုးပိုင်းကို ရေမဝပ်စေဘဲ ရေစီးဆင်းမှု ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ အမိုးရေဆင်းပိုက်များကို အချင်းခြောက်လက်မထား၍ ရေဆင်းမှုကောင်းအောင် ဆောင်ရွက်ရေး၊ ဆေးရုံအဆောက်အအုံ၏ အတွင်းပိုင်း အခန်းဖွဲ့စည်းမှုတွင် သန့်စင်ခန်းများ လုံလောက်စွာထားရှိရေးနှင့် ၂၀၀၆ ခုနှစ် မတ်လကုန်တွင် ပြီးစီးအောင် စီစဉ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်မှ ဆေးရုံအဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မူလဆေးရုံအဆောက်အအုံ၏ ကြံ့ခိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆေးရုံဝင်းအတွင်း၌ သန့်ရှင်းသပ်ရပ်ရေးနှင့် ဒေသရှိလူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများက မိမိတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော နိုင်ငံတော်ပိုင် အဆောက်အအုံဖြစ်သဖြင့် ဆေးရုံဝင်းအတွင်းအပြင် သန့်ရှင်းရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို နဘူးတပ်နယ်ရှိ တပ်ရင်းခန်းမ၌ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်စဉ်။

(သတင်းစဉ်)

## နဝင်္ဂဥပေါသထ ကိုးပါးသီလချီးမြှင့်မည်

**ရန်ကုန် ဩဂုတ် ၂၅**

၁၃၆၇ခုနှစ် ဝါခေါင်လပြည့်ကျော်၈ရက်၊ ဩဂုတ် ၂၇ရက်(စနေနေ့)တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆–၈–၂၀၀၅ (သောကြာနေ့)**

**၁၃၆၇ခုနှစ်၊**

**ဝါခေါင်လပြည့်ကျော်(၇)ရက်၊(အဖိတ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈:၀၀ ၆။ အကပြိုင်ပွဲ

၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်

၈:၂၀ ၈။ ယူးချောင်းတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ English For Everyday Use.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ ရန်ကုန်တိုင်း၊အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ်၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက–၂၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ– ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ (ရူပဗေဒ)**

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၃၀ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသမီး)**

၅:၄၀ ၈။ အတီးပြိုင်ပွဲ

၅:၅၀ ၉။ **"အားလုံးကိုသိစေချင်တယ်" (ဦးကျော်ရှိန်၊ နန်းဆုရတီစိုး၊ ဇင်၊ဒေါ်တင်တင်အိ) (ဒါရိုက်တာ–ဝင်းမောင်ရွှေ)**

၆:၀၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ"(အပိုင်း–၁၂)**

၇:၃၅ ၁၄။ နှောင်းခေတ်တေးပဒေသာ

၇:၄၅ ၁၅။ သပ္ပာယ်ဖူးမြော်ငါးထပ်ကြီးနှင့်ခြောက်ထပ်ကြီးဆုတောင်းပြည့်ရုပ်ပွားတော်

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း–၆)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏

## ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဆိပ်ဖြူ–ကံတော်–ပေါက်လမ်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့မှ မော်တော်ယာဉ်များဖြင့် ပခုက္ကူ – ပေါက် – ကျောက်ထု – မင်းတပ်လမ်းအတိုင်း ထွက်ခွာ၍ လမ်းတစ်လျှောက် မိုးတွင်းကာလ လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ယင်းလမ်းမိုင်တိုင် (၅၄/၁)နှင့် (၅၄/၂) အကြား၊ လမ်းအူကြောင်းအသစ်၌ ခွဲကျောက်ခင်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လမ်းခင်းရာ၌ လိုအပ်သည့် သိပ်သည်းမှုရအောင် ခင်းကြိတ်ရန်နှင့် တာဝန်ခံအင်ဂျင်နီယာများအား အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆိပ်ဖြူ–ကံတော်–ပေါက်လမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ အမှတ်(၂) ပေါက်တံတား (ရေပြာ)နှင့် ဆိပ်ဖြူ–ကံတော်–ပေါက်လမ်း လမ်းဆုံနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူ – ကံတော် – ပေါက်လမ်းကို မြေလမ်းအဆင့်မှ အပိုင်းလိုက် အမာခံ ခွဲကျောက်ခင်းကြိတ်၍ အပေါ်ယံမှ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယား KBPC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၅

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ Korean Broadcasting Production Corporation (KBPC) မှ Chairman Mr. Lim ,Jung- Kyu နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံတွင် ကျင်းပသည့် အီးပီဂျီအစည်းအဝေးတက်ရောက်

ရန်ကုန်  ဩဂုတ်  ၂၅

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းတုန်းပြည်နယ် ချင်းတောင်မြို့၌ ဩဂုတ် ၁၇ရက်မှ ၂၀ရက်အထိ ကျင်းပမည့်** 1st China - ASEAN Eminent Persons Group (EPG Meeting) **သို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ် ၁၆ရက် ည ၈နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီတွင် ချင်းတောင်မြို့သို့ ရောက်ရှိသည်။**

ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၁၇ရက် ညနေ ၄နာရီတွင် Hai Tian Hotel ၌ ပြုလုပ်သော 1st China - ASEAN Eminent Persons Group ( EPG Meeting ) အကြိုညှိနှိုင်း အစည်းအဝေးနှင့် အာဆီယံဘက်မှ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်မည့် ပုဂ္ဂိုလ်ရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ညနေ ၆နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Eminent Person နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဟောင်း Mr. Qian Qichen က ကြိုဆိုနှုတ်ဆက် တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။

ဩဂုတ် ၁၈ရက် နံနက် ၉နာရီတွင် Hai Tian Hotel Central Building ရှိ Multiple Function Hall ၌ ကျင်းပသော 1st China - ASEAN Eminent Persons Group ( EPG Meeting) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ကျင်းပရာ အာဆီယံနိုင်ငံများဘက်မှ ပူးတွဲသဘာပတိအဖြစ် မလေးရှားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Ybhg. Tan Sri Musa Hitam က ဆောင်ရွက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ပူးတွဲသဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Mr. Qian Qichen က ဆောင်ရွက်သည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ Eminent Persons များသည် အာဆီယံ-တရုတ် လွန်ခဲ့သော ၁၅နှစ်ကာလနှင့် လက်ရှိဆက်ဆံရေးအပေါ် ၎င်းတို့၏ အမြင်သဘောထားများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး ဝန်ကြီး ဦးအောင်သောင်းက မြန်မာနိုင်ငံ၏ အမြင်နှင့်သုံးသပ်ချက်များကို ဆွေးနွေးသည်။ ညပိုင်းတွင် ဝန်ကြီး ဦးအောင်သောင်းသည် Grand Regency Hotel ၌ ချင်းတောင် မြူနီစပယ် အုပ်ချုပ်ရေးအဖွဲ့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ EPG အဖွဲ့ဝင်များနှင့်အတူ တက်ရောက်သည်။

ဩဂုတ် ၁၉ရက် နံနက် ၉နာရီတွင် အစည်းအဝေးဒုတိယနေ့နှင့်နောက်ဆုံးနေ့ကို Hai Tian Hotel ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ EPG များက တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ တင်သွင်းခဲ့သည့် Policy Proposal ၁၀ချက်နှင့် ထပ်မံတင်သွင်းသည့် Additional Proposal ၁၆ချက်တို့အပေါ် ၎င်းတို့၏ထင်မြင်ယူဆချက် အသီးသီးကို တင်ပြကြပြီး အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက စုစည်းပြုစုပေးသော အာဆီယံ-တရုတ် အနာဂတ်ဆက်ဆံမှုအတွက် အကြံပြုချက်၊ အဆိုပြုချက် (Masterlist) ၇၆ ချက်တို့အပေါ် ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပူးတွဲသဘာပတိများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်ဟောင်း H.E. Mr. Qian Qichen နှင့် မလေးရှားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်ဟောင်း H. E. Ybhg. Tan Sri Musa Hitam တို့က နိဂုံးချုပ်စကားပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဩဂုတ် ၁၉ရက် ညနေ ၆နာရီခွဲတွင် 1st China - ASEAN Eminent Persons Group (EPG Meeting) သို့ တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရှန်းတုန်းပြည်နယ် အစိုးရက Shangri-La Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသီဂီလမ်းနေ ဦးစံမြင့်-ဒေါ်တင်အေး၊ သား သမီး မြေးများက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေဘုရားအတွင်း စေတီရံတစ်ဆူအတွက် ငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။** (က-ပ)

# အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာလူငယ်လက်ရွေးစင်အသင်းအား မှာကြား

**ရန်ကုန်  ဩဂုတ်  ၂၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၁၁နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)ပတ္တမြား ခန်းမ၌ ၂၀၀၅ ခုနှစ် ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၁၀ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ၂၀၀၅ ခုနှစ် အသက်(၂၃)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြိုင် ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင် ၃၂ဦးတို့ ပါဝင်သည့် မြန်မာဘောလုံးအားကစားအဖွဲ့အား တွေ့ဆုံ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရန် မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ချီးမြှင့်သော အားကစားဝတ်စုံ ပစ္စည်းများကို အသင်းကိုယ်စား အားကစားသမား နှစ်ဦးတို့အားပေးအပ်ပြီး အားကစားအဖွဲ့ဝင်များအား တစ်ဦးချင်း နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

# တတိယအကြိမ် အာစရိယပူဇော်မည်

**ရန်ကုန်  ဩဂုတ်  ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ်ပညာရေးမှူးရုံးနှင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီက ကြီးမှူး၍ တတိယအကြိမ် အငြိမ်းစား မြို့နယ်ပညာရေးမှူးများ၊ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၄ ရက်တွင်၊ မုဒုံမြို့ အထက (၁) ရှင်အရဟံခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရောက် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ ပူဇော်ကန်တော့လိုပါက မြို့နယ်ပညာရေးမှူး (မုဒုံ) ဦးတင်ဇော်ထူးနှင့် အတွင်းရေးမှူး စာစင်ရပ်ကွက် (အမက) ကျောင်းအုပ်ဆရာကြီး ဦးမင်းသောင်းဟန်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၂၅**

ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက်တွင် ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဗိုလ်မှူးမောင်လတ် (အငြိမ်းစား)က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောဝင်းထံ ဆေးရုံအတွက် လိုအပ်လျက်ရှိသော ငွေကျပ် သိန်းနှစ်ဆယ်တန်ဖိုးရှိ Infusion Pump တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ယင်းနောက် ခရိုင်ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်ပြီး သမားတော်ကြီး ဒေါက်တာ အောင်ဆန်းဦးက လှူဒါန်းသည့်စက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

# သွားဘက်ဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရန်ကုန်  ဩဂုတ်  ၂၅**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗဟို)မှ ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာပေး အစီအစဉ်အရ Management of Impacted Wisdom Teeth ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၂၁ရက် နံနက် ၉နာရီက မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (ဘီ)တွင် ကျင်းပရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုဆေးပညာဌာနမှ ပါမောက္ခဒေါက်တာ ကိုကိုမောင်နှင့် ကထိက ဒေါက်တာမြင့်ရွှေတို့က ဟောပြောပို့ချသည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဘမြင့်နှင့် ပညာရပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဖူးတို့က အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**ရန်ကင်းမြို့နယ် (၆)ရပ်ကွက်၊ သုခဝတီလမ်းနေ ဒေါ်ခင်ထားလတ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒေါ်မြင့်မြင့်ခင်ဖေ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က-ပ)

# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

**၂၀၀၅ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၆၈၀၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**


# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆-၈-၂၀၀၅ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| **၇:၀၀** | ၁။ | မြဝတီအဖွင့် |
| **၇:၀၅** | ၂။ | အဖွင့်သီချင်း |
| **၇:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၀** | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၅** | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၁။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| **၄:၀၀** | ၁။ | မြဝတီအဖွင့် |
| **၄:၀၅** | ၂။ | အဖွင့်သီချင်း |
| **၄:၁၀** | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| **၄:၂၀** | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| **၄:၂၅** | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| **၄:၃၀** | ၆။ | မျိုးချစ်တပ်မတော် |
| **၄:၄၅** | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| **၅:၀၀** | ၈။ | **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - Frequency Distribution Table (ပထမနှစ်- စီးပွားရေးပညာ)** |
| **၅:၄၅** | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၁။ | နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၂။ | မိုးလေဝသသတင်း |
| **၆:၂၅** | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၃၀** | ၁၄။ | **ကာတွန်းအစီအစဉ် "ရောင်လင်လှစွမ်းကောင်းလေး" (အပိုင်း-၂၆)** |
| **၆:၅၀** | ၁၅။ | လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁၁)** |
| **၈:၀၀** | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်စား" (အပိုင်း-၁)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# ရန်ကုန်နည်းပညာတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှတ်တရ သစ်ပင်စိုက်ပျိုးပေး

ရန်ကုန် ဩဂုတ် ၂၅

**ရန်ကုန်နည်းပညာတက္ကသိုလ်၏ ၂၀၀၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားပြီး အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးသည်။**

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန် နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်း၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ ပါမောက္ခများ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုနှစ် မိုးရာသီကာလ၌ ရန်ကုန်တိုင်းအတွင်း တပ်နယ်များ၊ ခရိုင်များအလိုက်သာမက တက္ကသိုလ်၊ ကောလိပ်များတွင်ပါ သစ်ပင်စိုက်ပွဲတော်များ ကျင်းပခဲ့ကြောင်း။

## သီးသန့်ထိန်းသိမ်းထား

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်၊ ဝါး၊ နွယ်၊ မြက်စသည့် အပင်စုစုပေါင်း အမျိုးပေါင်း ၁၁၈၀၀၊ မျိုးရင်း ၂၈၅ မျိုးနှင့် မျိုးခွဲပေါင်း ၂၂၅၄ မျိုးအထိ ရှိသည်ကို သိရှိရကြောင်း၊ နိုင်ငံတော်က သစ်တောသစ်ပင်များ ရေရှည်တည်တံ့စေရေးအတွက် စီမံချက်များ ရေးဆွဲပြီး သစ်တောကာကွယ်ထိန်းသိမ်းခြင်း၊သစ်ပင်များစိုက်ပျိုးခြင်း၊အမျိုးသား ဥယျာဉ်များ တည်ဆောက်ပေးခြင်း၊ အထူးကြီးမားသော သစ်ပင်ကြီးများကို သီးသန့်ထိန်းသိမ်းထား၍ ပညာပေးပြသခြင်း၊ National Land Mark အနေဖြင့် ဒေသတွင်း ပေါက်ရောက်သော သစ်တောများကို ကာကွယ်ထားခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးကြခြင်းဖြင့် တက္ကသိုလ်အတွင်း စိမ်းလန်းစိုပြည်လာမည်သာမက နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်းကိုလည်း အထောက်အကူ ပြုစေမှာဖြစ်ကြောင်းနှင့် စိုက်ပျိုးပြီးအပင်များ ရေရှည်တည်တံ့စေရေးအတွက် ရှင်အောင် စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင် ထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက သစ်ပင်စိုက်ပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းသစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက ရန်ကုန်တိုင်း သစ်တောဦးစီးဌာနက ရန်ကုန်တိုင်းအတွင်း ပျိုးပင်ပေါင်း ၁၃ သိန်း လေးသောင်းကျော် ဖြန့်ဝေစိုက်ပျိုးပြီးစီးမှုနှင့် သစ်ပင် သစ်တောများ ရှင်သန်ကြီးထွားစေရေးအတွက် ပြုစုပျိုးထောင် ထိန်းသိမ်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား စိန်ပန်းကြီး၊ သဘော်၊ တယ်နှင့် ခရေပျိုးပင်များကို ဝေငှပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ခရေပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံပြည်သူများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပသည့်ရန်ကုန်နည်းပညာတက္ကသိုလ်၏ ၂၀၀၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော် အခမ်းအနားတွင် ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ ကဗ္ဗီး၊ သစ်ဆိမ့်၊ မအူ၊ မဲဇလီ၊ မလေးရှားပိတောက်နှင့် သရက် အစရှိသည့် သစ်ပင် စုစုပေါင်း ၅၉၀၀ ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် လှိုင်သာယာမြို့နယ် ပဒံကျေးရွာအုပ်စုအနီးရှိ ရန်ကုန်တိုင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ ရော်ဘာပင် ၅၀၀၀၀၊ ပျိုးဥယျာဉ်အတွင်း ရော်ဘာပျိုးပင် သုံးသောင်းကျော် ပျိုးထောင်ထားရှိမှုနှင့် ပျိုးပေါင်များကို ကြည့်ရှုစစ်ဆေးရာ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရော်ဘာပျိုးပင်များ စနစ်တကျ ပြုစုပျိုးထောင်၍ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဖြူးစီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

## အမှတ်တရ ခရေပင်စိုက်ပျိုး

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၏ ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှတ်တရ ခရေပင်စိုက်ပျိုးပေးစဉ်။** (ရ-က-တ)

● **စာမျက်နှာ ၇ မှ**

အမှန်အမှား ကွဲကွဲပြားပြား သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အီလက်ထရွန်းနစ်မီဒီယာ၊အိုင်တီနည်းပညာ၊ပုံနှိပ်မီဒီယာ၊ လူလူချင်းသတင်းဆက်သွယ်ရေး မီဒီယာများနှင့် ပေါင်းစပ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## အရည်အချင်းပြည့်ရန်လို

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ယုံကြည်ချက်၊ ခံယူချက် စွဲမြဲခိုင်မာသည့် အရည်အချင်း ပြည့်သူများဖြစ်ရန်လိုကြောင်း၊ မိမိ၏ရည်မှန်းချက်၊ မျှော်လင့်ချက်များ မုချမသွေ ပြည့်စုံအောင်မြင်ရမည်ဟု သိမှုသဘောသည် ယုံကြည်ချက်ဖြစ်ကြောင်း၊ မိမိယုံကြည်သည့်အတိုင်း အောင်မြင်အောင် ဖြစ်နိုင်သည့်နည်းလမ်းများနှင့် လုပ်ဆောင်မည်ဟု သိန္နိဋ္ဌာန်စိတ်နှင့် လုပ်ဆောင်ခြင်းသည် စွဲမြဲလေးနက်သည့် ခံယူချက်ဖြစ်ကြောင်း၊ မှန်ကန်သည့် ယုံကြည်ချက်ရှိသူသာ မှန်ကန်သည့် ခံယူချက်ရှိမည်ဖြစ်ကြောင်း၊ စွဲမြဲခိုင်မာသည့် ယုံကြည်ချက်ရှိမှသာ ခံယူချက်သည်လည်း စွဲမြဲမည်ဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် မိမိကိုယ်မိမိ ဝေဖန်သုံးသပ်ပြီး စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်ရှိသူများဖြစ်အောင် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ယုံကြည်ချက် ခံယူချက် စွဲမြဲခိုင်မာအောင် တည်ဆောက်ပြီး ပြည်သူများ၏ အမျိုးသားနိုင်ငံရေးအသိ နိုးကြားတက်ကြွလာအောင်၊ ယုံကြည်ချက်၊ ခံယူချက် ထက်သန်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ကောင်း၊ အခွင့်ကောင်းများကို လက်မလွှတ်တမ်း ဆုပ်ကိုင်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းဆောင်ရွက်သွားကြပါ၊ ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊ အသင်းကြီး၏ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့ကို တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြပါဟု ပြောကြားသွားသည်။

## ဆုများချီးမြှင့်

ထို့နောက် ထူးချွန်သင်တန်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရရှိသော ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာငွေးဝင်း၊ ဒုတိယဆုရရှိသော ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးကျော်သီဟနှင့် တတိယဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးရည်သန့်တို့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သင်တန်းသား ဦးတင်ဦးအားလည်းကောင်း၊ သင်တန်းနည်းပြဆရာကြီးများအား ဂုဏ်ပြုလက်ဆောင်များကို သင်တန်းနည်းပြ ဆရာကြီးများကိုယ်စား သင်တန်းဆရာတက္ကသိုလ်မြတ်သူအားလည်းကောင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ် (၁)သို့ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန် ၂၈ရက်မှ ဩဂုတ် ၂၅ ရက်ထိ ရက်သတ္တကိုးပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

# နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

**ရန်ကုန် ဩဂုတ် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးရှိ ထားဝယ်မြို့ အာဇာနည်လမ်း အကွက်အမှတ်(၄၂) အမှတ်(၁၄) (ပဆ-၃၃၄၇) အဆောက်အအုံ၊ သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနရှိ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဘဏ္ဍာလမ်း အမှတ် (ဈ/၄၉) (ပဆ-၁၄/၃၂၁၀) နှစ်ထပ်တိုက် အဆောက်အအုံနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ အသံတိတ်ရုပ်ရှင်ရုံ(ပုသိမ်မြို့) တို့ကို အပြီးအပြတ် လွှဲပြောင်းရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဩဂုတ် ၃၀ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့]တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို စက်တင်ဘာ ၂၉ ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်။ အမွေဆိုင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာမူရင်း အပြည့်အစုံတင်ပြရမည်။ မူလပိုင်ရှင် မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ် (၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း- ၂၄၅၅၀၆၊ ၂၄၅၅၁၆၊ ၂၄၅၅၃၇] တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင် ပြုလုပ်မည့် အဆောက်အအုံမှာ ထားဝယ်မြို့ အာဇာနည်လမ်း အကွက်အမှတ် (၄၂) အမှတ် (၁၄)ရှိ (ပဆ-၃၃၄၇) အဆောက်အအုံ မြေဧရိယာ ၀.၁၁၁၁ ဧကဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ခုနစ်ဆယ့်တစ်သိန်း ဖြစ်သည်။

သမဝါယမဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အဆောက်အအုံမှာ လှည်းကူးမြို့နယ် ဈေးကြီးရပ်ကွက် ဘဏ္ဍာလမ်း အမှတ် (ဈ/၄၉)ရှိ (ပဆ-၁၄/၃၂၁၀) အဆောက်အအုံ မြေဧရိယာ ၀.၁၁၄၂ ဧက ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် နှစ်ဆယ့်ကိုးသိန်းခြောက်သောင်း ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် ရုပ်ရှင်ရုံမှာ အသံတိတ်ရုပ်ရှင်ရုံ(ပုသိမ်မြို့) ဦးပိုင်အမှတ်(၉၁) ဘူတာရုံလမ်း စဉ်းအိုးဘိုရပ် ပုသိမ်မြို့ မြေဧရိယာ ၀.၁၁၂၄ ဧက ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် နှစ်ရာနှစ်ဆယ့်လေးသိန်း ဖြစ်သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံစာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးခင်မောင်တင် အမှာစကားပြောကြားစဉ်။** (က-ပ)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၅**

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ စာသင်သား သံဃာတော်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဇနီး ဒေါ်ခင်အေးနှင့် ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့်ဇနီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် ဇနီး၊ ဝန်ကြီးဌာနနှစ်ခုရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နာယကချုပ်ဆရာတော်နှင့် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ ဆရာတော် သံဃာတော်များအား တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၃၄၁၅၀၀ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက လက်ခံပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

## ဝါတွင်းကာလ တရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၂၅**

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယအောင်ချမ်းသာ ဆရာတော် အရှင်စန္ဒသူရိယသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆) ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံ ဓမ္မရိပ်သာ ကျောင်းတိုက်တွင် ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၂ရက်အထိနှင့် စက်တင်ဘာ၂၈ရက်မှ အောက်တိုဘာ ၂ရက်အထိ ဝါတွင်းတရားစခန်းပွဲများကို ဖွင့်လှစ်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ယောဂီများသည် အထက်ပါကျောင်းတိုက်၌ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

**နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်အပါး ၄၅၀တို့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့ တက်ရောက်ဆက်ကပ်လှူဒါန်းကြသည်။** (ဝဲပုံ)

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဌာန အကြီးအကဲများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၃၈၂၅၀၀ကို ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လက်ခံရယူသည်။ ယင်းနောက် အနုမောဒနာ တရားတော်နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် သံဃာတော်များအား ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

**မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သုတ် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်မှုလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က ကျင်းပရာ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မင်းခေါင်ဘုရားလမ်းနေ ဒေါ်ရှုခင်မိသားစုက ငွေကျပ် ငါးသိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်ထံ ပေးအပ်လှူဒါန်းစဉ်။** (၂၅၇)

## အထက(၂)ဗိုလ်တထောင် ကျောင်းသားဟောင်းများ တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကျင်းပရေးစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၅**

အထက(၂)ဗိုလ်တထောင်(စိန့်ဖိလစ်) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် ဩဝါဒခံယူပွဲကို စက်တင်ဘာ ၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် အထက(၂)ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)ဒေါ်ခင်အေးမူ ဖုန်း–၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းသွယ် ဖုန်း–၂၉၁၅၂၃၊ ဆရာမဒေါ်ခင်သိန်းရီ ဖုန်း–၅၁၀၅၉၈၊ ဒေါက်တာဒေါ်ခင်ခင်ရီ ဖုန်း–၅၃၈၂၆၃၊ ဦးပီတာကျော်မောင်(ခ) ဦးခင်အောင်ကျော် ဖုန်း–၀၉၅၁–၂၀၀၄၇၊ ဦးဇော်ဝင်း ဖုန်း–၂၉၆၃၆၄၊ ဦးသီဟန် ဖုန်း–၀၉၅၀–၀၅၉၂၁၊ဦးမောင်မောင်စိုး ဖုန်း–၀၉၅၁–၁၆၃၃၀၊ ဒေါ်သန်းသန်းဌေး ဖုန်း–၅၆၀၇၆၀၊ ဒေါ်နီလာစိန် ဖုန်း–၀၉၅၁–၁၉၁၈၅တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

**ဩဂုတ် ၂၀ရက်က ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတွင် မြို့နယ်ကျောင်းကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြင့်မြင့်သိန်းထံ ကျောင်းသူဟောင်း မဆုမြတ်ရွှေစင်က ကျောင်းကျန်းမာရေးအတွက် အလှူငွေပေးအပ်စဉ်။** (ပညာရေး)

**မြောက်ဥက္ကလာပမြို့နယ် ဈ–ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ဝင်းအတွင်းရှိ သီလဝိသောဓနီသိမ်တော်ကြီးဆောက်လုပ်ရေးအတွက်အလှူငွေကျပ်ငါးသိန်းကို ဧ/ရပ်ကွက် ဥဒ္ဒေနာ(၃)လမ်းနေ ဦးဝင်းလှိုင်–ဒေါ်ဝင်းကြည် မိသားစုက သိမ်တော်ကြီးဆောက်လုပ်ရေးအဖွဲ့ဝင် ဦးတင်လှနှင့် ဦးအုံးမောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိမည်

**ရန်ကုန် ဩဂုတ် ၂၅**

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၄၀၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း ခန္တီးမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)

## ကုန်သည်/စက်မှုအသင်းချုပ် အတွင်းရေးမှူးအား ဖိလစ်ပိုင်သံရုံး တတိယအတွင်းဝန် တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံးမှ Third Secretary and Vice-Consul Mr. Pablito A. Mendoza သည် ယမန်နေ့တွင် အသင်းချုပ်ရုံးသို့လာရောက်တွေ့ဆုံသည်။ အလားတူ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား World Intellectual Property Organization (WIPO) ၏ အာရှနှင့်ပစိဖိတ်ဒေသ ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး Mr. Ranjana Abeysekera သည်လည်း ယမန်နေ့တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ (သတင်းစဉ်)

**ဩဂုတ် ၂၀ ရက်က ကျင်းပသည့် အင်းစိန်မြို့နယ် အမက (၁၂) မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆု၊ မြို့နယ်ထူးချွန်ခြောက်ဆု၊ ကျောင်းမိသားစု ထူးချွန်ငါးဆု ရရှိသော မောင်ကောင်းဝေယံအား ကျောင်းအုပ်ဆရာကြီး ဦးစောဖရင့်အော့ဝေး ဂုဏ်ပြုဆုပေးအပ်စဉ်။** (က–ပ)

# အာရှသက်တန်းအလိုက် ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲ မြန်မာဒိုင်ဗင်အဖွဲ့ ရွှေ(၁)၊ ငွေ(၃)၊ ကြေး(၂)ရရှိ

ရန်ကုန် ဩဂုတ် ၂၅

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၁၉ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် အာရှသက်တန်းအလိုက်ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုတို့ဆွတ်ခူးရရှိခဲ့သော မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေးလုပ်ငန်း)ခေါင်းဆောင်သော အောင်ပွဲရ မြန်မာဒိုင်ဗင်အဖွဲ့သည် ယမန်နေ့ ည ၉နာရီ ၁၅မိနစ်က ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် အားကစားမောင်မယ်များ၊ အား/ကာသိပ္ပံမှ ကျောင်းသူ၊ ကျောင်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

စတုတ္ထအကြိမ်မြောက် အာရှသက်တန်းအလိုက် ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲသို့ မြန်မာရေကူးအဖွဲ့အနေဖြင့် ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲ နှစ်ခုစလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဒိုင်ဗင်ပြိုင်ပွဲမှသာ ဆုတံဆိပ်ခြောက်ခုစလုံး ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆွတ်ခူးရရှိခဲ့သော ဆုတံဆိပ်များမှာ အမျိုးသမီး သုံးမီတာ စပရိန်ဘုတ် ဒိုင်ဗင်ပြိုင်ပွဲတွင် နော်အဲစေးထီးက ရွှေတံဆိပ်၊ ခင်လေးနုက ငွေတံဆိပ်၊ အမျိုးသမီး ငါးမီတာ စင်မြင့်ဒိုင်ဗင်ပြိုင်ပွဲတွင် စိုးစန္ဒာညွန့်က ငွေတံဆိပ်၊ လှလှသန်းက ကြေးတံဆိပ်၊ အမျိုးသမီး တစ်မီတာ စပရိန်ဘုတ် ဒိုင်ဗင်ပြိုင်ပွဲတွင် ခင်လေးနုက ငွေတံဆိပ်နှင့် နော်အဲစေးထီးက ကြေးတံဆိပ်တို့ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ် ဒိုင်ဗင် အားကစားသမားများမှာ ၂၀၀၄ခုနှစ် နိုဝင်ဘာလမှစ၍ ပြုစုပျိုးထောင်ပေးခဲ့သော မျိုးဆက်သစ် အားကစားသမားများဖြစ်သည်။ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ပြုစုပျိုးထောင်ပေးနေသော မျိုးဆက်သစ် အားကစားသမားများသည် ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲမှာပင် အောင်မြင်မှုများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**အဖွဲ့ဝင်များ**

အောင်ပွဲရ မြန်မာရေကူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးတင့်ဆန်း (ဒုတိယဥက္ကဋ္ဌ အဖွဲ့ချုပ်)၊ ရေကူးအုပ်ချုပ်သူအဖြစ် ဦးခင်မောင်ပြုံး (အမှုဆောင်၊ အဖွဲ့ချုပ်)၊ ဒိုင်ဗင်အုပ်ချုပ်သူအဖြစ် ဦးတင်ဝင်း(အဖွဲ့ဝင်၊ ဒိုင်ဗင်ဆပ်ကော်မတီ)၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ (အတွင်းရေးမှူး၊ ဒိုင်ဗင်ဆပ်ကော်မတီ)နှင့် နည်းပြဆရာ သုံးဦး၊ ဒိုင်လူကြီး တစ်ဦး၊ လေ့လာသူတစ်ဦး၊ အားကစားသမားများအဖြစ် ရေကူးအမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ဒိုင်ဗင်အမျိုးသား လေးဦးနှင့် အမျိုးသမီး လေးဦးတို့ ပြန်လည်လိုက်ပါလာကြသည်။

(ကြေးမုံ)

## မြန်မာလူငယ်ဒိုင်ဗင်အဖွဲ့

**မြန်မာလူငယ်ဒိုင်ဗင် အမျိုးသမီး လက်ရွေးစင်များအား ဦးသောင်းထိုက် (ညွှန်ကြားရေးမှူးချုပ်၊ အား/ကာ)၊ ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ၊ ရေကူးအဖွဲ့ချုပ်)၊ ဦးတင့်ဆန်း (ဒုတိယဥက္ကဋ္ဌ၊ ရေကူးအဖွဲ့ချုပ်)တို့နှင့်အတူ တွေ့ရစဉ်။**

(ကြေးမုံ)

# မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နေ

**ရန်ကုန် ဩဂုတ် ၂၅**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၂၆ရက်ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မြန်မာပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**ဩဂုတ် ၁၈ ရက်က ကျောင်းကျန်းမာရေး ရက်သတ္တပတ် အထိမ်းအမှတ် တောင်ဥက္ကလာပမြို့နယ် အထက(၁)တွင် အလှူရှင် ဦးဟုတ်ဝမ်-ဒေါ်တင်တင်မြင့်တို့၏သမီး မဇာခြည်ဝင့်ဖြူ (Grade IVA ) မွေးနေ့အဖြစ် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (က-ပ)

# ကမ္ဘောဇအသင်း အကြိုဗိုလ်လုပွဲတက် စီးပွား/ ကူးသန်းအသင်းကို အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ စတုတ္ထကွာတားဖိုင်နယ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် ကမ္ဘောဇအသင်းတို့သည် ယနေ့ ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘောဇအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက် သွားသည်။

**ကမ္ဘောဇအသင်း -နှစ်ဂိုး။**
**(ကျော်သီဟ)**
**စီးပွား/ကူးသန်းအသင်း -ဂိုးမရှိ။**
**ဒိုင်လူကြီး -ဦးဝင်းချို။**

ကျင်းပဆဲ ကွင်းဖွင့်ဖလားပြိုင်ပွဲတွင် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းထက်လာပြီး နာမည်ကြီးအသင်းများကိုပင် အနိုင်ယူခဲ့သည့် ပုဂ္ဂလိက ကမ္ဘောဇအသင်းသည် ယခုပွဲတွင်လည်း စီးပွား/ကူးသန်းအသင်းကို ထပ်မံခြေစွမ်းပြ အနိုင်ယူကာ အဆင့်မြင့်တန်းပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲသို့ ပထမဦးဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။

စီးပွား/ကူးသန်းအသင်းတွင် အာဆီယံ ယူ-၂၀ ချန်ပီယံအသင်းမှ အောင်မျိုးသန့်၊ မိုးဝင်း၊ ချမ်းချမ်း၊ မျိုးဇော်ထွန်း၊ ရာဇာဝင်းသိန်းနှင့် ဇော်မိုးထက်(ဂိုး) တို့ပါဝင်ကစားကြသော်လည်း အသင်းမှ အမာခံကစားသမားအချို့ ယူ-၂၃ အသင်းတွင်ပါဝင်သွား၍ ထင်သလောက် ခြေစွမ်းမပြနိုင်ဘဲ အကြိုဗိုလ်လုပွဲနှင့် ဝေးခဲ့ရသည်။

**ကြိုးစားကစား**

ကမ္ဘောဇအသင်းတွင် ယူ-၂၃ အသင်း၌ နေဝင်း မပါဝင်သော်လည်း ယူ-၂၀ ချန်ပီယံအသင်းမှ အောင်ဆန်းဦး ပါဝင်ကာ အသင်းနှင့်အမာခံ ကစားသမား တွဲဖက်၍ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရေး ပွဲစကတည်းက ကြိုးစားကစားခဲ့ကြသည်။ နှစ်သင်းစလုံး ခြေစွမ်းမကွာကြသည့် အလျောက် အနိုင်ရရှိရေး တက်ကုန်ရွက်စုံဖွင့် ကစားကြရာ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ သရေပွဲ ဖြစ်နေသည်။

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်း အချိတ်အဆက် မိမိဖြင့် ကစားလာနိုင်ပြီး စီးပွား/ကူးသန်းဘက်သို့ ဖိကစားလာသည်။ စီးပွား/ကူးသန်းအသင်း ဂိုးမပေးရရေး ဖျက်ထုတ်ကစားသော်လည်း ၁၁မိနစ်မှာပင် ဂိုးစတင်ပေးလိုက်ရသည်။ ခံစစ်ဇုန်မှ တိုက်စစ်အသွင်သို့ ချက်ချင်းကူးပြောင်းပြီး ကန်တင်ပေးသော ဘောလုံးကို ကျော်သီဟက ဆွဲပြေးပြီး ကန်သွင်းလိုက်၍ ကမ္ဘောဇအသင်း ဖွင့်ဆော်ဦး ဂိုးစတင်ရရှိသွားသည်။ ဂိုးရရှိသွား၍ ကမ္ဘောဇအသင်း ကစားကွက် ပိုကောင်းလာပြီး စီးပွား/ကူးသန်း အသင်းဘက်သို့ နေရာစုံမှ ထိုးဖောက်လာရာ ၁၇မိနစ်တွင် အောင်ဆန်းဦး ကန်တင်ပေးသော ဘောလုံးကို ထွန်းမင်းဦး ပြန်ချပေးရာ တိုက်စစ်မှူး ကျော်သီဟက အနီးကပ် အပိုင်ကန်သွင်းလိုက်၍ ကမ္ဘောဇအသင်း ဒုတိယဂိုးရရှိသွားသည်။

**ကြွံကြွံခံဖျက်ထုတ်**

၂၄ မိနစ်တွင် ကမ္ဘောဇအသင်းမှာ ရာဇာစိုး နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ ပွဲပြီးအထိ ၁၀ဦးတည်းဖြင့် ကစားခဲ့ရာ တိုက်စစ်ထက် ဂိုးမပေးရရေးခံစစ်ကိုသာ ဦးစားပေးကစားခဲ့ရသည်။ စီးပွား/ကူးသန်းအသင်းမှ တစ်ဦးအသာဖြင့် ကစားရသော်လည်း ကြွံကြွံခံဖျက်ထုတ်နေသော ကမ္ဘောဇအသင်း ခံစစ်ကြောင်းကို မကျော်နိုင်၍ နှစ်သိမ့်ဂိုးပင်မရဘဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**တွေ့ဆုံမည်**

ကမ္ဘောဇအသင်းသည် အကြိုဗိုလ်လုပွဲ၌ တံခွန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပုဂ္ဂလိကနှစ်သင်း အကြိုဗိုလ်လုပွဲ၌တွေ့ဆုံကြမည်ဖြစ်သည်။

**ယနေ့ပွဲ**

**ညနေ ၃နာရီခွဲ**
**(အောင်ဆန်းကွင်း)**
**(ပထမအကြိုဗိုလ်လုပွဲ)**
**စွမ်းအင် နှင့် ဘဏ္ဍာ/အခွန်**

(ကြေးမုံ)

# ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ချယ်လ်ဆီးအသင်း အနိုင်ရ

**လန်ဒန် ဩဂုတ် ၂၅**

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ဗုဒ္ဓဟူးနေ့ကကျင်းပရာ ချယ်လ်ဆီးအသင်းက ဝက်စ်ဘရွန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ချယ်လ်ဆီးအသင်းအတွက် ဖရန့်စ်လမ်းပတ် တစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့သည်။ အသက် ၂၇နှစ်အရွယ်ရှိ လမ်းပတ်သည် ဝက်စ်ဘရွန်းအသင်း၏ ဘောလုံးသမားဟောင်းတစ်ဦးဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာရှစ် အမှတ်ပေးဇယား၌ ချယ်လ်ဆီးအသင်းထိပ်ဆုံးသို့ တက်လာစေရန် ပံ့ပိုးပေးသူဖြစ်သည်။

ဝက်စ်ဘရွန်းအသင်းသည် ပွဲစတင်ချိန်မှစ၍ ဂိုးပေးမခံရရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ယင်းအသင်း၏ ခံစစ်ကြောင်းကို ချယ်လ်ဆီးအသင်းက အလွယ်တကူပင် ကျော်လွှားနိုင်ခဲ့သည်။

ပွဲချိန် ၂၃မိနစ်တွင် အင်္ဂလန်ကွင်းလယ်ကစားသမား လမ်းပတ်က ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းမပြီးမီ ပွဲချိန် ၄၃မိနစ်တွင် ဂျိုကိုးလ်က နောက်ထပ်တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၆၈မိနစ်တွင် ဒရော့ဘာက အနီးကပ်ဂိုးသွင်းနိုင်ခဲ့ပြီး ပွဲပြီးရန် ၁၀မိနစ်အလိုတွင် လမ်းပတ်က စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သည်။

ချန်ပီယံ ချယ်လ်ဆီးအသင်း၏ မန်နေဂျာ ဟိုဆေးမော်ရင်ဟိုသည် ယခုပွဲတွင် ကစားသမားများကို အပြောင်းအလဲလုပ်ထားခဲ့သည်။

**အခြားပွဲ ရလဒ်များ**

**အာဆင်နယ် ၄-၁ ဖူဟမ်**
**ဘလက်ဘန်း ၀-၀ စပါးစ်**
**ဘောလ်တန် ၂-၀ နယူးကာဆယ်လ်**

***အမ်အင်အေ၊ရိုက်တာ။***



**ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအနီး ရော်ဘာစိုက်ခင်း ကြည့်ရှုစစ်ဆေး အမျိုးသားကုန်ထုတ်လုပ်မှု အကျိုးဖြစ်ထွန်းရေး အမှန်တကယ်လုပ်ကိုင်မည့်သူများကို မြေယာချပေးရေး မှာကြား မြိုင်ကြီးငူအထူးဒေသ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များအား ရော်ဘာစိုက်ပျိုးမှုလိုအပ်ချက် ညှိနှိုင်းဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၂၅

**ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် ဩဂုတ် ၂၂ရက် နံနက်ပိုင်းတွင် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအနီးရှိ မြဒွေးကြွယ်လင်းကုမ္ပဏီ (မြိုင်ကြီးငူအထူးဒေသ)က စိုက်ပျိုးဆောင်ရွက်နေသော ရော်ဘာစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသ တိုင်းရင်းသားအဖွဲ့မှ ဦးသာထူးကျော်၊ ဦးကျော်သန်း၊ ဦးစောကြာအင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာက နိုင်ငံတော်က မြိုင်ကြီးငူဒေသမှ တိုင်းရင်းသားအဖွဲ့အား ရော်ဘာစိုက်ဧက ၁၀၀၀၀ ခွင့်ပြုထားသည့်အနက် ယခု ၂၀၀၅–၂၀၀၆ခုနှစ်အထိ စုစုပေါင်း ၂၅၃၂ စိုက်ပျိုးထားပြီး ကျန်ရှိသောစိုက်ဧကများကို ဆက်လက်စိုက်ပျိုးနိုင်ရန်အတွက် ရော်ဘာပျိုးပင်နှစ်သိန်းနှင့် ရော်ဘာအစေ့တစ်သိန်း စုဆောင်းရရှိထားမှု၊ ထပ်မံ၍ ရော်ဘာဧက ၂၀၀ ဆက်လက်စိုက်ပျိုးရန် စီစဉ်ထားရှိမှု၊ ယခုနှစ်တွင် ရော်ဘာစိုက်ဧက ၁၇၆၀ကို ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်နှင့် မြဝတီမြို့နယ်တို့၌ အပြည့်အဝ စိုက်ပျိုးပြီးစီးမှုနှင့် လေးနှစ်အတွင်း နှစ်စဉ် တိုးချဲ့စိုက်ပျိုး၍ စုစုပေါင်းဧက ၁၀၀၀၀ အထိ စိုက်ပျိုးသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❀**

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအနီးရှိ မြဒွေးကြွယ်လင်းကုမ္ပဏီ(မြိုင်ကြီးငူအထူးဒေသ)က ရော်ဘာစိုက်ဧက ၂၀၀ အတွင်း ရော်ဘာသီးညှပ်အဖြစ် မြေပဲ၊ ပြောင်းနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၂၅–၈–၂၀၀၅**

| | |
|---|---|
| **ခန္တီး** | ၅ ဒသမ ၄၇ လက်မ |
| **ကျောက်ဖြူ** | ၅ ဒသမ ၃၅ လက်မ |
| **စစ်တွေ** | ၃ ဒသမ ၇၈ လက်မ |
| **မြစ်ကြီးနား** | ၂ ဒသမ ၅၆ လက်မ |
| **ဘားအံ** | ၁ ဒသမ ၄၂ လက်မ |
| **ပျဉ်းမနား** | ၁ ဒသမ ၀၆ လက်မ |
| **အောင်လံ** | ၀ ဒသမ ၃၉ လက်မ |

ကြေးမုံ The Mirror

## ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

*ယခင်ခေတ်ကာလများက စားဝတ်နေရေးအတွက် ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုလာခဲ့ကြရသည့် ဒေသခံတောင်သူများသည် ယနေ့အချိန်အခါတွင် ဘိန်းအစားထိုးသီးနှံများကို စိုက်ပျိုးလျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုများ ရလျက်ရှိကြသည်။*

(ခေါင်းကြီး) စာမျက်နှာ–၂

*ရန်ကုန်မှ နေ့ချင်းပြန်သွားနိုင်သော ခရီးစဉ်များအနက် ပဲခူးမြို့သို့ သွားရောက်လေ့လာဗဟုသုတရှာဖွေခြင်းသည် အလွန်တန်ဖိုးရှိလှသည်။*

တင်သန်းယု(မြန်မာ့ခရီးသွား)၏ **“စိတ်ဝင်စားဖွယ်ရာစုံလင် ရန်ကုန်–ပဲခူးခရီးစဉ်”**

(ဆောင်းပါး) စာမျက်နှာ–၆